# မြန်မာနိုင်ငံမြေသိမ်းအက်ဥပဒေလက်စွဲ (၁၈၉၄)
## (၁၈၉၄ ခုနှစ် မတ်လ ၁ ရက်)

## အများပြည်သူအကျိုးပြုလုပ်ငန်း(ကြံရွယ်ချက်များ)နှင့် ကုမ္ပဏီအတွက်လိုအပ်သည့်မြေကိုသိမ်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ

၁။ အများပြည်သူအကျိုးစီးပွား(ကြံရွယ်ချက်)အတွက် (သို့မဟုတ်) ကုမ္ပဏီအတွက် လိုအပ်သည့် မြေကိုသိမ်းခြင်းနှင့် ထိုမြေသိမ်းမှုအတွက် လျော်ကြေးငွေသတ်မှတ်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ရန် လိုအပ်လာပါသည်။ ထို့ကြောင့် အောက်ပါအတိုင်း ဥပဒေပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

ပုဒ်မ ၁ (က) ဤဥပဒေကို မြန်မာနိုင်ငံမြေသိမ်းအက်ဥပဒေ(၁၈၉၄)ဟု ခေါ်တွင်ရမည်။

(ခ) ဤအက်ဥပဒေသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် အာဏာသက်ရောက်သည် ထို့အပြင်-

(ဂ) ဤအက်ဥပဒေသည် ၁၈၉၄ ခုနှစ် မတ်လ(၁)ရက်နေ့မှစ၍ အာဏာသက်ရောက်စေရမည်။

ပုဒ်မ ၂ (က) ၁၈၇၀ ပြည့်နှစ် မြန်မာနိုင်ငံ မြေသိမ်းအက် ဥပဒေ(၂)ကို ဖျက်သိမ်းလိုက်သည်။

(ခ) အရေးယူထားသည့်အားလုံးသောအမှုတွဲများ၊ခန့်ထားသည့် အရာရှိများထိုမြေသိမ်းအက်ဥပဒေအရပြဋ္ဌာန်းခဲ့၍နည်းဥပဒေ များနှင့်ပြုလုပ်ထားသည့် သဘောတူချက်များသည် ဤအက်ဥပဒေအရ ဆက်လက်၍ အရေးယူဆောင်ရွက်ရမည်။ ဤဥပဒေအရ ဆက်လက်၍ ခန့်ထားခြင်း၊ တာဝန်ပေးခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

(ဂ) ထိုမြေသိမ်းအက်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သည့် မည်သည့် အရေးယူ ဆောင်ရွက်မှု(သို့) အထောက်အထား စာရွက်စာတမ်း (သို့) ဖျက်သိမ်းခဲ့သည့် မည်သည့်အရေးယူ ဆောင်ရွက်ချက်ကိုမဆို ဤအက်ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။

ပုဒ်မ ၃ ဤအက်ဥပဒေတွင်ပါဝင်သည့် အကြောင်းအရာနှင့် စကားရပ်များသည် ရှေ့နောက်အဓိပ္ပါယ် ဆန့်ကျင်ကွဲလွဲခြင်းမရှိလျှင် ဤအက်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်။

(က) မြေ(Land)ဆိုသောစကားရပ်တွင်မြေမှရရှိသော အကျိုး သက်ရောက်မှုများနှင့် မြေတွင်တွယ်ကပ်နေသော အရာဝတ္ထုများ (သို့) မြေတွင်တွယ်ကပ်နေသည့် အရာဝတ္ထုများနှင့် အမြဲတမ်း ချည်နှောင်ထားသည့်အရာများပါဝင်သည်။

(ခ) အကျိုးခံစားခွင့်ရှိသူ(Person interested)ဆိုသော စကားရပ်တွင် ဤအက်ဥပဒေအရမြေသိမ်းရာတွင် လျော်ကြေး ခံစားခွင့်ရှိသူများ အားလုံးပါဝင်သည်။ ထိုမြေနှင့်ပတ်သက်၍ သက်သာခွင့် ရရှိခံစားနိုင်သော သူသည်လည်းမြေတွင် အကျိုးခံစား ခွင့်ရှိသောသူဖြစ်သည်။

(ဂ)* ကော်လိတ်တော်အရာရှိ (Collector)ဆိုသော စကားရပ်တွင် ဤအက် ဥပဒေအရ <u>ကော်လိပ်တော်</u>အရာရှိတစ်ဦးက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်စေရန် နိုင်ငံတော်အစိုးရက အထူးခန့်ထားခြင်းခံရသည့် မည်သည့် အရာရှိ မဆိုပါဝင်သည်။

(ဃ) အကယ်၍ နိုင်ငံတော်အစိုးရက ဤအက်ဥပဒေအရ တရားရုံးက ဆောင်ရွက်ရမည့်လုပ်ငန်းများကိုဆောင်ရွက်ရန် အထူးတရားသူကြီး တစ်ယောက်ခန့်ထားခဲ့လျှင် တရားရုံး (Court)ဟူသောစကားရပ် တွင် မူလအမှုစစ်တရားမရုံး ဖြစ်သည်။

(င) ကုမ္ပဏီဟူသောစကားရပ်တွင် ကုမ္ပဏီအက်ဥပဒေအရ တည်ထောင် ထားသည့် (သို့)မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုကို ဆိုလိုသည်။ ထို့အပြင် ထိုစကားရပ်တွင် အသင်းအဖွဲ့များ (သို့) သမဝါယမ အသင်းများ မှတ်ပုံတင်ခြင်းနှင့်ဆိုင်သည့် ဥပဒေအရ မှတ်ပုံတင် ထားသည့် အသင်းအဖွဲ့များလည်း ပါဝင်သည်။

(စ)t အများပြည်သူဆိုင်ရာ လုပ်ငန်းရည်ရွယ်ချက် (Public Purpose) ဟူသော စကားရပ်တွင် မြန်မာနိုင်ငံ၏ ဂေဇက်တွင် နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာဖြင့် ကြေညာပေးသည့် ဇရိုင်များအတွင်း၌ ကျေးရွာများတည်ထောင်ခြင်းသည် နိုင်ငံတော် အစိုးရ၏ ဓလေ့ ထုံးတမ်းပင်ဖြစ်သည်။

---

* ညွှန်ကြားချက် (၁၇)နှင့် (၂၈)ကို ကြည့်ပါ။

t ညွှန်ကြားချက်(၂)ကိုကြည့်ပါ။

f စာမျက်နှာ ၁၇တွင် ပါရှိသော အမိန့်ကြော်ငြာစာများ၏ စာရင်းကိုကြည့်ပါ။

(ဆ) အရေးယူနိုင်ရှိသူ (entitled to act) ဟူသော ရပ်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

အုပ်ထိန်းသူများသည် အကယ်၍ တစ်စုံတစ်ယောက်သော သူသည် မသန်မစွမ်းမဖြစ်ခဲ့သော် ထိုသူအကျိုးစီးပွားရနိုင်သည့် အနေကို ရအောင်ဆောင်ရွက်မည့် အနေအထားရောက်အောင် ဆောင်ရွက်နိုင်ရှိသောသူများပါဝင်သည်။

အင်္ဂလိပ်ဥပဒေကျင့်သုံးနိုင်ရှိသည့် အမှုများတွင် အကယ်၍၎င်းအနေ ပြင့်အရွယ်ရောက်ပြီး လက်မထပ်ရသေးသော မိန်းမတစ်ယောက်ဆောင်ရွက်နိုင်သကဲ့သို့ အရွယ်ရောက်သည်ဖြစ်စေ မရောက်သည်ဖြစ်စေ လက်ထပ်ပြီး မိန်းမတစ်ယောက်အား အရေးယူ ဆောင်ရွက်နိုင်ရှိသူဟု မှတ်ယူရမည်။

တစ်စုံတစ်ယောက်သည် ငယ်ရွယ်သူများ စိတ်မနှံ့သူများ မဟုတ်ခဲ့သော် ၎င်းတို့ ကိုယ်တိုင်ဆောင်ရွက်နိုင်မည့် အနေအထားရောက်အောင် ၎င်းကိုယ်စား ဆောင်ရွက်ပေးရသည့် ကလေးသူငယ်အုပ်ထိန်းသူများနှင့် စိတ်မနှံ့သူများအား စီမံအုပ်ချုပ်ရသည့်မန်နေဂျာ (သို့) တော်မတ်များ သို့ရာတွင်

( i ) အကျိုးခံစားနိုင်ရှိသောသူ၏ အကျိုးစီးပွားအတွက် အရေးယူဆောင်ရွက်ပေးပိုင်ခွင့်ရှိကြောင်း ကော်လိပ်တော်အရာရှိ (သို့) တရားရုံးကကြေနပ်လောက်အောင် ပြဆိုနိုင်ခြင်းမရှိသည့်သူ မည်သူမဆို အရေးယူဆောင်ရွက်နိုင်ရှိသောသူ(entitled to act)ဟု မမှတ်ယူရ။

(ii) ဤသို့သော မည်သည့်အမှုကိစ္စတွင်မဆို အကျိုးခံစားနိုင်ရှိသူတစ်ယောက်သည် အခြားမိတ်ဆွေတစ်ယောက်အား ကိုယ်စားလှယ်ထား၍ ကော်လိတ္တော်အရာရှိ ရှေ့(သို့)တရားရုံးရှေ့သို့ လာရောက်ရမည်။ အကယ်၍ ၎င်းတွင် ကိုယ်စားပြု ဆောင်ရွက်မည့် မိတ်ဆွေကိုယ်စားလှယ် မရှိခဲ့သော် ကော်လိတ္တော် အရာရှိ (သို့)တရားရုံးက ထိုသူ၏ ကိုယ်စား အရေးယူဆောင်ရွက်ပေးမည့် အုပ်ချုပ်သူ တစ်ယောက်ကို ခန့်ထားရမည်။

(iii) တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် XXX ၏ပြဌာန်းချက်များသည် ကော်လိတ္တော်အရာရှိ (သို့) တရားရုံးရှေ့သို့ ရောက်ရှိလာသည့်မိတ်ဆွေ၊ အုပ်ထိန်းသူတို့ပါဝင်သည်။ ဤအက်ဥပဒေအရဆောင်ရွက်သည့်အမှုတွဲများတွင် အခြေအနေအရ လိုအပ်သလိုပြောင်းလဲဆောင်ရွက်ရန် မူကိုကျင့်သုံးရန်ဖြစ်သည်။

(iv) အရ ဝယ်၍တစ်ခုတစ်ခုသောကတ်သည်အကျိုးခံစားခွင့်ရှိသူထံမှ လျော်ကြေးငွေယူ၍ ကိုယ်တိုင် လက်ခံရယူခွင့်အတွက် နိုင်လုံသည့်သွဲ့အထောက်အထားမရှိလျှင် ထိုသူအား အကျိုးခံစားခွင့်ရှိသူသို့ပေးရမည့် လျော်ကြေးငွေကို လက်ခံခွင့်ရှိသူဟု မည်သူ့ကိုမျှ မမှတ်ယူရ။

အခန်း (၂)

မြေသိမ်းဆည်းခြင်း

ဝထားအခုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း

*၄။ (၁) ဒေသတစ်ခုအတွင်းရှိ [a]မြေကို အများပြည်သူအကျိုးနှင့် သက်ဆိုင်သည့် ရည်ရွယ်ချက်အတွက်အလိုရှိသည် သို့မဟုတ် [b]အလိုရှိလာလိမ့်မည်ဟုအစိုးရက ယုံကြည်လျှင်ထိုကိစ္စနှင့်စပ်လျဉ်း၍ နို့တစ်အကြောင်းကြားစာ တစ်စောင်ကို မြန်မာနိုင်ငံ ပြန်တမ်းတွင် ကြော်ငြာရမည်။ ထို့အပြင် ကော်လိတ္တာ်အရာရှိသည် ထိုနို့တစ်အကြောင်းကြားစာတွင်ပါရှိသည့် အချက်များကိုထိုဒေသရှိ သင့်လျော်သည့်နေရာများတွင် ပြည်သူသို့ ထုတ်ပြန်ကြေညာရမည်။

(၂) ထိုကိစ္စနှင့်စပ်လျဉ်း၍ ညှိကိစ္စနှင့်ပတ်သက်ပြီး အစိုးရက ယေဘုယျအားဖြင့်ဖြစ်စေ၊ အထူးအားဖြင့်ဖြစ်စေ၊* [c]တာဝန်ပေးခြင်းခံရသော မည်သည့်အရာရှိ ထို့အပြင် ၎င်း၏ဝန်ထမ်းနှင့် အလုပ်သမားများအတွက် အောက်ပါတို့ကို ဆောင်ရွက်ရန်မှာ တရားဝင်ဖြစ်သည်–

- ထိုသို့သော ဒေသတွင်ရှိသည့် မည်သည့်မြေပေါ်သို့ မဆို ဝင်ရောက်၍ မြေကိုတိုင်းတာခြင်း၊
- မြေကိုတူးဖော်ရန် သို့မဟုတ် ကျင်းတူးရန်။
- ထိုသို့သော ရည်ရွယ်ချက်အတွက် ထိုမြေသည် သင့်လျော်ခြင်း ရှိ/မရှိ သေချာစေရန်အတွက် လိုအပ်သော အခြားလုပ်ဆောင်မှုများကို လုပ်ကိုင်ရန်။
- သိမ်းဆည်းရန်ရည်ရွယ်သည့် မြေ၏နယ်နိမိတ်များကို မိုင်းခြားသတ်မှတ်ရန်နှင့် ထိုမြေပေါ်တွင် အလုပ်နှင့်သက်ဆိုင်သည့် မျဉ်းအမှတ်အသားများ(အကယ်၍ရှိခဲ့လျှင်) လုပ်ဆောင်ရန်။

---

* ညွှန်ကြားချက် (၁၀-၁၂)ကို ကြည့်ပါ။

[a]-[c] ၁၉၂၃ ခုနှစ် အက်ဥပဒေအမှတ် XXXVIII အရ အစားထိုးသည်။

- မြေညီခြင်း၊ နယ်နိမိတ် အမှတ်အသားများ ပြုလုပ်ခြင်း၊ ထို့အပြင် မြောင်းတူးခြင်းနှင့် အမှတ်အသားများ ချထားခြင်းဖြင့် မျဉ်းကြောင်း အမှတ်အသားများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရန်။
- ထို့အပြင် အခြားနည်းအားဖြင့် မြေတိုင်းတာခြင်း၊ မြေညီခြင်း၊ နယ်နိမိတ်နှင့် မျဉ်းအမှတ်အသားများကို ပြည့်စုံအောင် လုပ်ကိုင်နိုင်ခြင်း မရှိလျှင် စိုက်ပျိုးထားသော သီးနှံပင်များ၊ ခြံစည်းရိုးများ (သို့မဟုတ်) ခြွယ်များကို ဖြတ်ထုတ်ရှင်းလင်း ဖယ်ရှားရန်။

သို့ရာတွင် မည်သူမဆို ထိုသို့ဆောင်ရွက်မည့် အကြောင်းကိုစာဖြင့် ရေးသား၍ အနည်းဆုံး(၇)ရက်ကြိုတင်အကြောင်းမကြားဘဲ (ထိုမှာနေထိုင်သူ၏ သဘောတူညီချက်မရှိဘဲ) ထိုသူနေထိုင်သည့် အိမ်နှင့်တွဲဆက်ထားသည့်မည်သည့် အဆောက်အအုံ (သို့မဟုတ်) ကာရံထားသည့် မည်သည့်အဆောက်အအုံ (သို့မဟုတ်) ဥယျာဉ် အတွင်းသို့မဝင်ရောက်ရ။

၅။ ထိုသို့တာထာအပ်နှင်းခံရသည့်အရာရှိသည်ထိုသို့ဝင်ရောက်သည့် အချိန်တွင် ပျက်စီးမှုအားလုံးအတွက် လျော်ကြေးပေးရမည်။ အကယ်၍ထိုသို့ပေးမည့် လျော်ကြေးငွေ ပမာဏသည် လုံလောက်မှု မရှိကြောင်းအငြင်းပွားမှုရှိခဲ့သော် ကော်လိတ္တော်အရာရှိ (သို့) ထိုစရိုင်၏ အခွန်တော်အရာရှိချုပ်ထံ ၎င်း၏ အဆုံးအဖြတ်ကိုရယူရန် ချက်ချင်းပေးပို့ရမည်။ ထိုဆုံးဖြတ်ချက်သည် အပြီးအပိုင်ဖြစ်သည်။

## ထန့်ကွက်လွှာများ

[t] ၅(က)(၁) အများပြည်သူအကျိုးစီးပွားကြွယ်ချက်အတွက် (သို့) ကုမ္ပဏီ တစ်ခု အတွက် အလိုရှိသည် (သို့မဟုတ်) လိုအပ်မှုရှိလာမည်ဟု ပုဒ်မ(၄) ပုဒ်မခွဲ(၁)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့်မြေ တစ်ခုတစ်ရာတွင် အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်က အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ရက်ပေါင်း (၃၀)အတွင်း ထိုမြေကို (သို့) ထိုဒေသရှိ မည်သည့်မြေကိုမဆို မြေသိမ်းဆည်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်သည်။

(၂) ပုဒ်မခွဲ(၁)အရ ပြုလုပ်သည့် ကန့်ကွက်လွှာများတိုင်းကို စာဖြင့် ရေးသား၍ ကော်လိတ္တော်အရာရှိထံ တင်သွင်းရမည်။ ကော် လိတ္တော်အရာရှိသည် ကန့်ကွက်လွှာ တင်သွင်းသူအား ၎င်းကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ကြားနာမှုပြုမည့်အကြောင်း အခွင့်အရေးပေးရမည်။ ယင်းသို့သော

---

[t] ၁၉၂၃ ခုနှစ် အက်ဥပဒေပုဒ်မ (၃၀)အရ အစားထိုးသည်။

[n] ဒေသန္တရ အစိုးရက သဘောရသည့်အခါ ဟူသောစကားရပ်အတွက်၁၉၂၃ ခုနှစ်၊ အက်ဥပဒေအမှတ်၊ XXXVIII အရ အစားထိုးသည်။

ကန့်ကွက်ချက်များကို ကြားနာပြီးနောက် အကယ်၍ လိုအပ်သဖြင့် စုံစမ်းမှုများပြုလုပ်ခဲ့စဉ် အကယ်၍ ၎င်းကလိုအပ်သည်ဟု ထင်မြင်လျှင် နိုင်ငံတော်အစိုးရ၏ အဆုံးအဖြတ်ကိုခံယူရန် အမှုတွဲကို ကန့်ကွက်ချက်များနှင့် စပ်လျဉ်း၍ ၎င်း၏သဘောထား ပါဝင်သော အစီရင်ခံစာတစ်စောင်နှင့် ၎င်း၏ ကိုယ်တိုင်အရေးယူဆောင်ရွက်ထားသည့် အမှုတွဲများကို နိုင်ငံတော်အစိုးရထံ ပေးပို့ရမည်။ အစိုးရ၏အဆုံးအဖြတ်သည် အပြီးအပိုင်ဖြစ်သည်။

(၃) ဤပုဒ်မ၏အလို့ငှာ အကယ်၍ ဤအက်ဥပဒေအရ မြေကို သိမ်းဆည်းခဲ့သော် လျော်ကြေးငွေနှင့်ပတ်သက်၍ ခံစားခွင့် တစ်စုံတစ်ရာကိုတောင်းဆိုပိုင်ခွင့်ရှိသောသူသည် မြေတွင် အကျိုးခံစားခွင့်ရှိသည်ဟု မှတ်ယူရမည်။

မြေထိုသိမ်းဆည်းရန် ရည်ရွယ်ကြောင်း ကြေညာခြင်း.

၆။* (၁) ဤအက်ဥပဒေ၏ အပိုဒ်(၇)၏ ပြဋ္ဌာန်းချက်များအရ[a] နိုင်ငံ တော်အစိုးရသည် ပုဒ်မ ၅(က)၊ ပုဒ်မခွဲ(၂)[a]အရ တင်ပြသည့် အစီရင်ခံစာကို (အကယ်၍ရှိလျှင်) စဉ်းစားပြီး ကျေနပ်မှုရှိသောအခါ အများပြည်သူအကျိုးစီးပွားအတွက် (သို့မဟုတ်) ကုမ္ပဏီတစ်ခု အတွက်ထိုမြေ တစ်စုံတစ်ရာကို လိုအပ်ကြောင်း ထိုကိစ္စနှင့်စပ်လျဉ်း၍ ကြေညာချက်တစ်စောင် ထုတ်ပြန်ရမည်။

သို့ရာတွင် ထိုပစ္စည်းအတွက် ဆုံးဖြတ်ရန်ရှိသည့် လျော်ကြေးငွေကို ကုမ္ပဏီတစ်ခုက မပေးသွင်းလျှင်(သို့) အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ပြည်သူ့အခွန်တော်မှ (သို့) ဒေသန္တရ အာဏာပိုင်တစ်ခုက ကြီးကြပ်ထားသော (သို့)စီမံခန့်ခွဲ ထားသော ရန်ပုံငွေမှမပေးသွင်းသေးလျှင် မြေသိမ်းဆည်းရန် ရည်ရွယ်ကြောင်း၊ ကြေညာချက်ကို မထုတ်ပြန်ရ။

(၂) မြေသိမ်းဆည်းရသည့် ရည်ရွယ်ချက်၊ သိမ်းဆည်းမည့်မြေ၏ ခန့်မှန်းဧရိယာတို့အပြင် ထိုမြေနှင့်ပတ်သက်၍ အစီအမံတစ်ခု ရေးဆွဲထားပါက ထိုအစီအမံနှင့် ထိုအစီအမံကို ကြည့်ရှုနိုင်သည့် နေရာတို့ပါဝင်သော ကြေညာချက်ကို မြန်မာနိုင်ငံ၏ ပြန်တမ်း တွင်လည်းကောင်း၊ ၎င်းပြင် ထိုမြေတည်ရှိရာ ခရိုင်အတွင်း (သို့) အခြားနေရာများတွင်လည်းကောင်း၊ ကြေညာရမည်။

---

* ညွှန်ကြားချက် ၂၆–၂၉ ကိုကြည့်ပါ။

[a]-[a] နိုင်ငံတော်အစိုးရက သဘောရသည့်အခါ ဟူသောစကားရပ်များကို ၁၉၂၃ ခုနှစ်၊ အက်ဥပဒေအမှတ်၊ XXXVIII အရ အစားထိုးသည်။

(၄) ဖော်ပြပါကြေညာလွှာသည် ထိုမြေကိုအများပြည်သူအကျိုးစီးပွား ကြံရွယ်ချက် တစ်ခုအတွက် (သို့) ကုမ္ပဏီတစ်ခုအတွက် အလိုရှိကြောင်း နိုင်မာသော သက်သေခံချက်ဖြစ်သည်။ ထိုပြင်ယင်း ကြေညာချက်ကို ထုတ်ပြန်ပြီးနောက် ရှေ့တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း နိုင်ငံတော်အစိုးရက မြေကို သိမ်းယူနိုင်သည်။

[illegible] တစ်ခုတစ်ရာကို အများပြည်သူ့အကျိုးစီးပွားရည်ရွယ်ချက် တစ်ခုအတွက် [illegible] အလိုရှိကြောင်း ထိုသို့ ကြေညာပြီးနောက် နိုင်ငံတော်အစိုးရသည် [illegible] နိုင်ငံတော်အစိုးရက အာထာအပ်နှင်းခံရသည့် အရာရှိသည် [illegible] အမိန့်တစ်ရပ်ထုတ်ပြန်ရန် ကော်လိတ်တော်အရာရှိအား [illegible]

[illegible] ကော်လိတ်တော်အရာရှိသည် အကျယ်၍ ပုဒ်မ ၄ အရ သိမ်းဆည်းမည့်မြေကို [illegible] မရှိသေးလျှင် ထိုမြေကို တိုင်းတာမှတ်သားစေရမည်။ အကယ်၍ [illegible] မရှိသေးလျှင် မြေကို တိုင်းတာ၍ မြေပုံရေးဆွဲစေရမည်။

[illegible] (၁) ကော်လိတ်တော်အရာရှိသည် နိုင်ငံတော်အစိုးရက ထိုမြေကို သိမ်းဆည်းရန် ရည်ရွယ်ကြောင်း၊ ထို့အပြင် ထိုမြေတွင် အကျိုးခံစားခွင့်ရှိသူများက ရပ်ထံသို့ လျော်ကြေးတောင်းခံနိုင်ကြောင်းဖော်ပြသည့် နို့တစ်ကြော်ငြာစာကို ထိုမြေပေါ်မှာ ဖြစ်စေ၊ ထိုမြေ၏ အနီးတွင်ဖြစ်စေ [illegible] ကြော်ငြာရမည်။

(၂) ထိုနို့တစ်စာတွင် ထိုသို့အလိုရှိသော မြေ၏အချက်အလက် များကို ဖော်ပြရမည်။ ထို့အပြင် ထိုမြေတွင် အကျိုးခံစားခွင့်ရှိသူ အားလုံး ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ကော်လိတ်တော် အရာရှိ၏ရှေ့သို့ လာရောက်ရမည့်အချိန်နှင့် လာရောက်ရမည့်နေရာတို့ကို ဖော်ပြရမည်။ ထိုသို့သောအချိန်သတ်မှတ်ချက်သည် နို့တစ်ကြော်ငြာစာ ထုတ်ပြန်ပြီး နောက်(၁၅)ရက်ထက်မစောစေရ၊ ထို့အပြင် မြေတွင်၎င်းတို့၏ အကျိုးခံစားခွင့်အသီးသီး၏ သဘော၊ သဘာဝနှင့် ထိုအကျိုးစီးပွားများ အတွက် လျော်ကြေးငွေ ရယူလိုသည့် ပမာဏရင်းတို့၏ လျော်ကြေးငွေ

[illegible] ချက် ၃၀ ကိုကြည့်ပါ။
[illegible] ချက် ၃၀၊၃၂ ကိုကြည့်ပါ။
[illegible] ချက် ၃၄၊၃၅ ကိုကြည့်ပါ။

တောင်းခံမှုနှင့် ပတ်သက်သည့် အချက်အလက်များ၊ ထို့အပြင် ပုဒ်မ(၈) အရ ပြုလုပ်သည့်မြေတိုင်းတာမှုများနှင့်ပတ်သက်၍ ကန့်ကွက်ချက်များ(အကယ်၍ရှိလျှင်)တင်ပြရန် အမိန့် ကြော်ငြာစာတွင် ထည့်သွင်းကြေညာရမည်။ ကော်လိတ်တွာ် အရာရှိသည် ထိုသို့သော ကန့်ကွက်ချက်ကို စာပြင်ရေးသားရန်နှင့် သက်ဆိုင်သူ (သို့) ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးစေရန် တောင်းဆိုနိုင်သည်။

(၃) ကော်လိတ်တွာ်အရာရှိသည် ထိုသို့သော နို့တစ်စာကို ထိုမြေအား လက်ရောက် ရယူထားသူရှိလျှင် ထိုသို့လက်ရောက်ထားသူထံသို့၊ ထို့ပြင် ထိုမြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟုသိရသူများ(သို့) အကျိုးခံစားခွင့်ရှိလိမ့်မည်ဟု ယုံကြည်ရသူများ(သို့မဟုတ်)ထိုသို့ အကျိုးခံစားခွင့်ရှိသူများအတွက် အရေးယူဆောင်ရွက်ခွင့်ရှိသူများ (သို့မဟုတ်) ဤကိစ္စနှင့်ပတ်သက်၍ ကိုယ်စားဆောင်ရွက်ရန် အခွင့်အာဏာ ပေးအပ်ခြင်းခံထားရသူများ(အကယ်၍ မြေတည်ရှိရာ ခရိုင်အတွင်း၊ နေထိုင်ကြလျှင်)ထံသို့ နို့တစ်စာပေးပို့ အကြောင်းကြားရမည်။

(၄) ထိုသို့ အကျိုးခံစားခွင့်ရှိသူတစ်ဦးတစ်ယောက်သည် အခြားနေရာဒေသတွင်နေထိုင်လျှင် ထို့ပြင် ၎င်း၏ ကိုယ်စားလှယ် မရှိခဲ့သော် ၎င်းနောက်ဆုံးနေထိုင်ခဲ့သည့်လိပ်စာ (သို့) နေရပ်အတိုင်း ၎င်းထံသို့ နို့တစ်စာ အကြောင်းကြားစာကို ၁၈၆၆ ခုနှစ်၊ မြန်မာနိုင်ငံစာတိုက် အက်ဥပဒေအရ ရေဇစ္စလီ မှတ်ပုံတင်၍ ပေးပို့ရမည်။

၁၀။ (၁) ကော်လိတ်တွာ်အရာရှိသည် မည်သည့် ပုဂ္ဂိုလ်အားမဆို မြေနှင့်ပတ်သက်၍(သို့) မြေအစိတ်အပိုင်းတစ်ခုနှင့်ပတ်သက်၍ ပိုင်ဆိုင်သော အခြားပုဂ္ဂိုလ်များ၏ (သို့) ပက်စပ်လုပ်ကိုင်သူ၊ အပေါင်ခံသူ (သို့) သီးစား (သို့) အလားတူဖြစ်သောသူများ၏ အမည်နှင့် အကျိုးခံစားခွင့်ရှိသည့် သဘော သဘာဝ၊ ထို့အပြင် လွန်ခဲ့သော (၃)နှစ်အတွက် ငှားရမ်းခ (သို့) အကျိုးအမြတ်များ ခံစားခွင့် ရှိသူတို့၏ အမည်များကို ဖော်ပြစေရန်အတွက် ကော်လိတ်တွာ် အရာရှိက မည်သူ့ကိုမဆို ညွှန်ကြားနိုင်သည်။

(၂) ဤပုဒ်မ (သို့) ပုဒ်မ ၉ အရ ခံဝန်ပြုချက်တစ်ခုကို ပေးအပ်ရန် ညွှန်ကြားခြင်းခံသည့်သူတိုင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၅၊ ၁၇၆ များအရ ထိုသို့ လုပ်ဆောင်ရန် တာဝန်ရှိသည်။

မြေကိုင်းတော်သို့ ပြုလုပ်ရန် စုံစမ်းခြင်း၊ တန်ဖိုးနှင့်တောင်းခံငွေတို့အဖြစ် စရိုင်ဝန်ထံ ပေးသည့်လျော်ကြေးငွေစာချွန်ခြင်း

၁၁။* ထိုသို့သတ်မှတ်သည့်နေ့ရက် (သို့မဟုတ်)စုံစမ်းမှု ကိုရပ်နားပြီးထပ်မံ ဆက်လက်သည့်နေ့တွင် ကော်လိတ်တော်အရာရှိသည် ပုဒ်မ ၉ အရ ထုတ်ပြန်သည့် နို့တစ်စာအရ အကျိုးခံစားခွင့်ရှိသူ တစ်စုံတစ်ယောက်က တင်သွင်းသည့် ကန့်ကွက်ချက်များ (အကယ်၍ရှိလျှင်) ထို့ပြင် ပုဒ်မ ၈ အရ ပြုလုပ်သည့် မြေတိုင်းတာခြင်းနှင့် [(က)]ပုဒ်မ ၄ ပုဒ်မခွဲ(၁)အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့တွင် ဖြစ်ပေါ်နေသော မြေ၏ တန်ဖိုး၊ [(ခ)]လျော်ကြေး တောင်းခံကြသောသူများ၏ အကျိုးခံစားခွင့် အသီးသီးတို့ကိုစုံစမ်း ပြီး၊ ထိုနောက်စုံစမ်းတွေ့ရှိချက်တို့နှင့်စပ်လျဉ်း၍ လျော်ကြေး သတ်မှတ်ရမည်-

(i) မြေ၏ အမှန်ဧရိယာ၊

(ii) ထိုမြေအတွက် ၎င်းက ပေးလျော်ရန် သင့်သည်ဟု ထင်မြင်သည့် လျော်ကြေး၊

(iii) ကော်လိတ်တော်အရာရှိ၏ ရှေ့မှောက်သို့ အသီးသီးလာရောက် သည်ဖြစ်စေ မလာရောက်သည်ဖြစ်စေ (သို့မဟုတ်) ၎င်းတို့၏ တောင်းဆိုချက် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထိုမြေတွင် အကျိုးခံစားခွင့် ရှိသည်ဟု ယုံကြည်ရသောသူများအကြား အဆိုပါ လျော်ကြေးငွေခွဲဝေမှု။

၁၂။ (၁) ယင်းဆုံးဖြတ်ချက်ကို ကော်လိတ်တော်အရာရှိ၏ ရုံးတွင် ပိုင်တွဲထားရှိ ရမည်ဖြစ်ပြီး ဤတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ချွင်းချက်ထား၍ အပြီးသတ် ဖြစ်စေရမည်အဖြစ် ကော်လိတ်တော်အရာရှိနှင့် အကျိုး ခံစားခွင့်ရှိသူများအကြား(၎င်းတို့သည်ကော်လိတ်တော် အရာရှိရှေ့သို့ ကိုယ်တိုင်လာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ)

* အခန်းကြီးချက် ၄၄–၅၀ ကိုကြည့်ပါ။
(က)(ခ) ၁၉၂၃ ခုနှစ် ဗမာဥပဒေအမှတ် XXXVIII အရ အစားထိုးသည်။

မြေကွက်၏ ရှိယာအမှန်နှင့် မြေ၏တန်ဖိုး၊ ထိုအပြင် အကျိုးခံစားခွင့်ရှိသူများအကြား လျော်ကြေးငွေခွဲဝေမှုတို့အတွက် နိုင်မာသော သက်သေခံချက်ဖြစ်စေရမည်။

(၂)* ကော်လိတ္တော်အရာရှိသည် ၎င်း၏လျော်ကြေးငွေ ဆုံးဖြတ်ချက်ကို အကျိုးခံစားခွင့်ရှိသူများထံသို့ လျော်ကြေးငွေ ဆုံးဖြတ်သည့် အချိန်တွင် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ မလာရောက်သည့်တိုင်အောင်) ချက်ချင်း နို့တစ်စာပေးပို့ အကြောင်းကြားရမည်။

၁၃။ ကော်လိတ္တော်အရာရှိသည် ၎င်းက သင့်လျော်သည်ဟု ထင်မြင်သည့် အကြောင်းတစ်ရပ်အတွက် ၎င်းကထပ်မံသတ်မှတ်သည့်နေ့သို့ ရွှေ့ဆိုင်းနိုင်သည်။

၁၄။ ဤအက်ဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ကော်လိတ္တော်အရာရှိသည် အကျိုးခံစားခွင့်ရှိသူများအပါအဝင် သက်သေများကို (သို့မဟုတ်) ၎င်းတို့အထဲမှ တစ်ဦးတစ်ယောက်ကိုလာရောက်စေရန်အတွက်ဖြစ်စေ၊ တရားမကျင့်ထုံး ဥပဒေအရ တရားမတရားရုံးက ကျင့်သုံးလိုက်နာရန် သတ်မှတ်ထားသည့် နည်းလမ်း နှင့်လုပ်ထောင်ချက် အတိုင်း သက်သေခံအထောက်အထားများကို တင်ပြစေရန်ဖြစ်စေ အခွင့်အာဏာရှိသည်။

၁၅။ လျော်ကြေးငွေပမာဏကို သတ်မှတ်ရာတွင် ကော်လိတ္တော်အရာရှိသည် ပုဒ်မ ၂၃ နှင့် ၂၄ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်အရ ဆောင်ရွက်ရမည်။

## ထိန်းရောက်ရယူခြင်း

၁၆။ ကော်လိတ္တော်အရာရှိသည် ပုဒ်မ ၁၁ အရ လျော်ကြေးငွေ သတ်မှတ်ပြီးနောက် မြေကိုအနှောင်အယှက် ကင်းရှင်းစွာဖြင့် လက်ရောက်ရယူနိုင်သည်။

၁၇။ (၁) အရေးပေါ်ကိစ္စများအတွက် အစိုးရက ညွှန်ကြားသည့်အခါ ကော်လိတ္တော်အရာရှိသည် ယင်းသို့သော လျော်ကြေးငွေကို သတ်မှတ်ပေးရခြင်းမရှိသည့်တိုင်အောင် အများပြည်သူ အကျိုးစီးပွားကြီးပွားချက်အတွက် (သို့မဟုတ်) ကုမ္ပဏီတစ်ခု အတွက်မြေလွတ်မြေလပ် (သို့မဟုတ်)စိုက်ပျိုးထွန်ယက်နိုင်သော

* ညွှန်ကြားချက် (၁၅)ကို ကြည့်ပါ၊

မြေတစ်စုံတစ်ရာကို ပုဒ်မ ၉၊ ပုဒ်မခွဲ(၁)တွင် ဖော်ပြထားသည့်အတိုင်း နို့တစ်ကြော်ငြာစာကို ထုတ်ပြန်ပြီးနောက် ၁၅ ရက်မြောက်သောနေ့တွင် လက်ရောက်ရယူနိုင်သည်။ ယင်းမြေသည် အစိုးရအတွက်နှောင့်ယှက်ခြင်း၊ ဝန်တင်ခြင်းကင်းစွာရရှိရမည်။

(၂) ရုတ်တရက်ဖြစ်ကြောင်း၊ ပြောင်းလဲမှုကြောင့်ဖြစ်စေ (သို့မဟုတ်) ကြိုတင်သိမြင် နိုင်ခြင်းမရှိသည့် အရေးပေါ် အခြေအနေကြောင့်ဖြစ်စေ၊ မီးရထားအုပ်ချုပ်ရေးလုပ်ငန်း အတွက်လမ်းပန်းဆက်သွယ်မှုကို ထိန်းသိမ်းရန် (သို့မဟုတ်) ဖြစ်ကမ်းဘေး (သို့မဟုတ်) တောင်ကြားလမ်း မီးရထားဘူတာရုံ ဆောက်လုပ်ရန် (သို့မဟုတ်) ယင်းသို့သောမီးရထားဘူတာတစ်ခုခုနှင့် ဆက်သွယ်မှုရအောင်ပြုလုပ်ရန် မြေတစ်စုံတစ်ရာကို အဆောတလျှင် လက်ရောက်ရယူလိုသည့်အခါတိုင်း (သို့မဟုတ်)တပ်မတော်အတွက် အသုံးပြုရန် စစ်ရှုံးအနေဖြင့် မြေတစ်စုံတစ်ရာကို အဆောတလျင် လက်ရောက်ရယူလိုသည့်အခါတိုင်း ကော်လိတ္တော်အရာရှိသည် နိုင်ငံတော် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောလျင်စွာ မြေထဲသို့ ဝင်ရောက်၍ အစိုးရအား အနှောင့်အယှက်ကင်းစွာ ဝန်တင်ခြင်းကင်းစွာဖြင့် ထိုမြေကို လက်ရောက် ရယူနိုင်သည်။

သို့ရာတွင်မြေကို လက်ရှိဖြစ်သူအား အနှောင့်အယှက်နှင့် အဆင်မပြေမှုများ မဖြစ်စေဘဲ ၎င်း၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ထိုမြေမှ သယ်ယူပြောင်းရွှေ့သွားနိုင်စေရန် အနည်းဆုံး ၄၈ နာရီ အချိန် ကြိုတင်၍ အသိမပေးဘဲလျက် ကော်လိတ္တော်အရာရှိသည် အဆောက်အဦတစ်ခုကို(သို့မဟုတ်) အဆောက်အဦ၏ အစိတ်အပိုင်း တစ်ခုကို လက်ရောက်ရယူခြင်း မပြုရ။

(၃) ပြီးခဲ့သည့် ပုဒ်မခွဲတစ်ခုခုဖြင့် အရေးယူဆောင်ရွက်သည့်အခါ ကိစ္စတိုင်းတွင် ကော်လိတ္တော်အရာရှိသည် မြေကိုလက်ရောက်ရယူသည့်အချိန်မှာပင် ထိုမြေပေါ်၌ စိုက်ပျိုးထားသော သီးနှံပင်များနှင့်သစ်ပင်များ (အကယ်၍ရှိလျှင်) ထို့အပြင် ပုဒ်မ ၆၄ ပါအတိုင်း ဆုံးရှုံးမှုမပြုဘဲ ရုတ်တရက် လက်လွှတ်ထုံးရမှုကြောင့် နစ်နာရမှုများအတွက် လျော်ကြေးရထိုက်သောသူများသို့ လျော်ကြေးကမ်းလှမ်းရမည်။ ထို့အပြင် ယင်းသို့သောကမ်းလှမ်းမှုကို

လက်မခံသည့်အတွင်း ယင်းသို့သော သီးနှံပင်များနှင့်သစ်ပင်များ၏ တန်ဘိုးနှင့် အခြားသော ထိခိုက်ပျက်စီးမှုတို့၏တန်ဘိုးကို ဤတွင် ပြဋ္ဌာန်းထားသည့် [a]ဥပဒေပြဋ္ဌာန်းချက်များအရ မြေအတွက် လျော်ကြေးပေးရာတွင် ခွင့်ပြုပေးရမည်။

(၄) [a][-၇]ပုဒ်မခွဲ(၁) (သို့မဟုတ်) ပုဒ်မခွဲ(၂)ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးရန် မသင့်ဟု နိုင်ငံတော်အစိုးရက ထင်မြင်သည့် မြေသိမ်းသည့်အမှုတွင် နိုင်ငံတော်အစိုးရသည် ပုဒ်မ ၅(က)ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးခြင်းမပြုရန် ညွှန်ကြားနိုင်သည်၊ ထို့အပြင် အကယ်၍ နိုင်ငံတော်အစိုးရက ထိုသို့ညွှန်ကြားပါက ပုဒ်မ ၄ ပုဒ်မခွဲ(၁)အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ထိုမြေနှင့်ပတ်သက်၍ ပုဒ်မ ၆ အရ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။[a]

## အခန်း(၃)

## တရားရုံးသို့ လွှဲအပ်ခြင်းနှင့်ယင်းသို့လုပ်ဆောင်ရန် နည်းလမ်း

၁၈။* (၁) လျော်ကြေးငွေကို လက်ခံလိုခြင်းမရှိသော အကျိုးခံစားခွင့်ရှိသူ တစ်စုံတစ်ယောက်သည်၎င်း၏ကန့်ကွက်ချက်မှာမြေ တိုင်းတာခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊လျော်ကြေးငွေပမာဏနှင့် ပတ်သက်၍ ဖြစ်စေမည်သူတို့ကိုလျော်ကြေးငွေပေးရမည်ဆိုခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊ (သို့မဟုတ်)အကျိုးခံစားခွင့် ရှိကြသူများအကြား လျော်ကြေးငွေ ခွဲဝေမှုနှင့်ပတ်သက်၍ဖြစ်စေ သက်ဆိုင်သူတို့က တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်ဖြစ်၍အမှုကို တရားရုံးသို့လွှဲအပ်ပေးရန် ကော်လိတ္တော်အရာရှိထံသို့ စာဖြင့်ရေးသား၍ လျှောက်ထားနိုင်သည်။

(၂) လျှောက်လွှာတွင်လျော်ကြေးငွေနှင့်ပတ်သက်၍ ကန့်ကွက်ရသည့် အကြောင်းပြချက်များကို ဖော်ပြရမည်။

ယင်းသို့သောလျှောက်လွှာတိုင်းသည် အောက်ပါအတိုင်း ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်–

(က) လျှောက်ထားသူသည် ကော်လိတ္တော်အရာရှိ၏ရှေ့တွင် ၎င်းကိုယ်တိုင် (သို့မဟုတ်)ကိုယ်စားလှယ်ဖြင့်ရှိနေခဲ့လျှင်

[a]-[a] ၁၉၂၃ ခုနှစ် အက်ဥပဒေအမှတ် XXXVIII အရ ဖြည့်စွက်သည်။

* ညွှန်ကြားချက် (၅၈-၆၅)ကို ကြည့်ပါ။

ကော်လိုင်ကြွေ့အရာရှိက လျော်ကြေးငွေဆုံးဖြတ်သည့်နေ့မှ ရက်သတ္တပတ် ခြောက်ပတ်အတွင်း-

(ခ) အခြားခြားသော တရားကိစ္စများတွင် အက်ဥပဒေ ၁၂ ပုဒ်မခွဲ (၂)အရ ကော်လိုင်ကြွေ့အရာရှိက ပေးပို့သည့် နို့တစ်အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်သတ္တပတ် ခြောက်ပတ်အတွင်း (သို့မဟုတ်)ကော်လိုင်ကြွေ့အရာရှိက လျော်ကြေးငွေ သတ်မှတ်သည့်နေ့မှ ခြောက်လအတွင်း ၎င်းကာလနှစ်ခုတွင် ပထမဦးစွာ ကုန်ဆုံးသည့် ကာလ

၁၉။ (၁) တရားရုံးသို့ လွှဲအပ်ရာတွင် ကော်လိုင်ကြွေ့အရာရှိသည် တရားရုံးက သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် အောက်ပါတို့ကို ဖော်ပြရေးသား ပေးပို့ရမည်-

(က) မြေ၏အခြေအနေနှင့်မြေပေါ်တွင်ရှိသော သစ်ပင်များ အဆောက်အဦများ(သို့မဟုတ်) ပေါက်ရောက်နေသော သီးနှံပင်များ တည်ရှိမှု။

(ခ) ထိုမြေတွင် အကျိုးခံစားခွင့်ရှိသည်ဟု ၎င်းက ထင်မြင်ရသူတို့၏အမည်များ။

(ဂ) ပျက်စီးဆုံးရှုံးမှုအတွက် ပေးသည့် လျော်ကြေးငွေပမာဏနှင့် ပုဒ်မ ၅ နှင့် ၁၇ တို့အရ ပေးသည့် လျော်ကြေးငွေပမာဏ (သို့မဟုတ်)၎င်းတို့အနက်မှ တစ်ခုခုနှင့် ပုဒ်မ ၁၁ အရ ပေးသည့် လျော်ကြေးငွေ ပမာဏ။ ထို့အပြင်

(ဃ) အကယ်၍ လျော်ကြေးငွေပမာဏနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်းဖြစ်ပါက ထိုလျော်ကြေးငွေသတ်မှတ်ရသည့် အခြေခံ အကြောင်းရင်းများ။

(၂) အကျိုးခံစားခွင့်ရှိသူတို့ကို ဖျအပ်ခဲ့သည့် နို့တစ်စာအကြောင်းကြားစာတွင် ပါဝင်သည့် အချက်အလက်များ ထို့အပြင် ပေးပို့ခဲ့သည့်အချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူများ စာရင်းတို့ကို တရားရုံးသို့ ပေးပို့သည့်စာတွင် ပူးတွဲပါ ရှိရမည်။

၂၀။ တရားရုံးသည် ကန့်ကွက်ချက်နှင့်ပတ်သက်၍ ကြားနာမည့် နေ့ရက်နှင့် တရားရုံးရှေ့သို့ လာရောက်ရမည့်နေ့ရက်တို့ပါဝင်သော နို့တစ် အကြောင်းကြားစာကို အောက်ပါပုဂ္ဂိုလ်တို့ထံသို့ ချအပ်ရသည်–

(က) လျှောက်ထားသူ၊

(ခ) ပေးအပ်သည့် လျော်ကြေးငွေကို ကြေနပ်လက်ခံခဲ့သူများရှိလျှင် ၎င်းတို့ကိုချန်လှပ်၍ ကန့်ကွက်လွှာတွင် ပါဝင်ပတ်သက်သူ အားလုံးတို့ပြင်

(ဂ) ကန့်ကွက်ချက်သည် အကယ်၍ မြေဧရိယာအကျယ်အဝန်းနှင့် ပတ်သက်လျှင် ထို့အပြင် လျော်ကြေးငွေပမာဏနှင့် ပတ်သက်လျှင် ကော်လိတ်တော်အရာရှိ

၂၁။ ဤသို့သော အမှုများတွင် စုံစမ်းမှု၏ နယ်ပယ်မှာ ကန့်ကွက်ချက်နှင့် သက်ဆိုင်သူတို့၏ အကျိုးစီးပွားကိုသာ စဉ်းစားရန် ကန့်သတ်ထားသည်။

၂၂။ ယင်းသို့သော အမှုတိုင်းကို အများပြည်သူရှေ့မှောက်၌ ကြားနာ စီရင်ရမည် ဖြစ်သည့်အပြင် တရားမ တရားရုံးတစ်ခုတွင်ပါဝင် ဆောင်ရွက်ခွင့်ရှိသူ အားလုံး ယင်းအမှုများတွင် တရားရုံးရှေ့သို့ လာရောက် ခွင့်လျှောက်လဲခွင့်နှင့် ဆောင်ရွက်ခွင့် (အမှုအချင်းအရာအရ) ရှိသည်။

၂၃။ (၁) ဤအက်ဥပဒေအရ သိမ်းဆည်းသည့် မြေအတွက်ပေးရသည့် လျော်ကြေးငွေပမာဏကိုသတ်မှတ်ရာတွင် တရားရုံးသည် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်–

ပထမ– [a]ပုဒ်မ ၄ ပုဒ်မခွဲ(၁)အရ အမိန့်ကြော်ငြာစာ[a]ထုတ်ပြန်သည့် နေ့တွင်ထိုမြေ၏ ကာလတန်ဘိုး (Market Value)

ဒုတိယ–ကော်လိပ်တော်အရာရှိက မြေကို လက်ရောက်ရယူသည့် အချိန်တွင်ထိုမြေပေါ်တွင်ရှိသည့် သီးနှံပင်များ (သို့မဟုတ်) သစ်ပင်များကို သိမ်းယူလိုက်ခြင်းကြောင့် အကျိုးစီးပွားခွင့်ရှိသူများ တွေ့ကြုံခဲ့ရသည့် ထိခိုက်ဆုံးရှုံးမှုများ။

---

[a] - [a] ပုဒ်မ ၆ အရ ကြေညာချက် ဟူသောစကားရပ်အတွက် ၁၉၂၃ ခုနှစ် ဥပဒေအမှတ် *XXXVIII* အရ အစားထိုးသည်၊

တတိယ–ကော်လိတ္တော်အရာရှိက မြေကိုရယူသည့် အချိန်တွင် ထိုမြေနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားထိခိုက်မှု (အကယ်၍ရှိလျှင်)

စတုတ္ထ–ကော်လိတ္တော်အရာရှိက မြေကိုရယူသည့်အချိန်တွင် ထိုမြေတွင် အကျိုးခံစားခွင့်ရှိသူအား ယင်းသို့မြေကိုရယူခံရခြင်းကြောင့် ၎င်း၏ အခြားသောရွှေ့ပြောင်းနိုင်သော (သို့မဟုတ်)မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို(သို့မဟုတ်) ၎င်း၏ဝင်ငွေကို တနည်းနည်းဖြင့် ထိခိုက်ရမှု၊

ပဉ္စမ– ကော်လိတ္တော်အရာရှိက မြေကိုရယူခြင်းကြောင့် အကျိုးဆက် အနေဖြင့် မြေတွင်အကျိုးခံစားရသူအနေဖြင့် နေအိမ် (သို့မဟုတ်) စီးပွားရေးလုပ်ကိုင်သည့် နေရာကို အတင်းအကြပ်ရွှေ့ပြောင်းခံရ၍ ထိုသို့ပြောင်းရွှေ့ခံရမှုကြောင့်လျော်ကန်သင့်မြတ်သည့်ကုန်ကျစရိတ် (အကယ်၍ရှိခဲ့သော်) ထို့အပြင်

ဆဋ္ဌမ– အက်ဥပဒေပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့တွင် ကော်လိတ္တော်အရာရှိကမြေကိုသိမ်းယူသည့် အချိန်နှစ်ခုအကြားထို မြေမှ ရရှိသည့် အကျိုးအမြတ်မှာ လျော့နည်းသွားခြင်းဖြင့် အမှန်တကယ် ဆုံးရှုံးမှု (အကယ်၍ရှိလျှင်)

(၂) မည်သည့်အမှုတွင် အဆိုပါတရားရုံးသည် အထက်တွင် ပြဋ္ဌာန်း ထားသည့်အတိုင်းမြေ၏ကာလပေါက်ဈေး(Market Value)တွင် ယင်းသို့သိမ်းယူရသည့် သဘောသဘာဝကို စဉ်းစားလျက် ထိုမြေ၏ ကာလပေါက်ဈေး၏ ၁၅ ရာခိုင်နှုန်းကို ပေါင်းထည့်၍ ပေးရမည်။

၂၄။ သို့ရာတွင် တရားရုံးသည် အောက်ပါတို့ကို ထည့်သွင်းမစဉ်းစားရ–

ပထမ– မြေကိုသိမ်းဆည်းမှုဖြစ်စေသည့် အဆောတလျင်ဖြစ်မှုအခြေအနေ

ဒုတိယ– မြေတွင်အကျိုးခံစားခွင့်ရှိသူက မြေသိမ်းဆည်းမှုကို သဘောမတူညီခြင်း

တတိယ–အကယ်၍ အငြင်းပွားသူတစ်ဦးကြောင့် ဖြစ်ရပြီး ၎င်းကိုယ်တိုင်လည်း ထိန်းသိမ်းနိုင်ဖသော ထိုသို့သောသူကို တရားမ နစ်နာမှု စွဲဆိုမှုလည်း မရနိုင်ဖသော ဆုံးရှုံးနစ်နာမှု

စတုတ္ထ–အက်ဉပဒေပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် မြေကို အသုံးပြုခြင်းကြောင့်ဖြစ်စေ၊ အကျိုးဆက်ကြောင့်ဖြစ်စေ၊ သိမ်းဆည်းခံရသည့် မြေတွင်ဖြစ်ပေါ်သည့်ဆုံးရှုံးမှု

ပဉ္စမ– မြေကိုသိမ်းယူစဉ်က ထိုမြေကိုအသုံးပြုမှုကြောင့် သိမ်းယူသည့် မြေ၏ တန်ဘိုးမြင့်တက်လာမှု

ဆဋ္ဌမ– မြေတွင်အကျိုးခံစားခွင့်ရှိသူ၏ အခြားမြေတစ်စုံတစ်ရာ၏ တန်ဘိုးသည် ထိုမြေကိုအသုံးပြုခြင်းဖြင့်မြင့်တက်လာသကဲ့သို့ သိမ်းယူသည့် မြေ၏တန်ဘိုးသည်လည်းမြင့်တက်နိုင်ဘွယ်ရှိခြင်း

သတ္တမ–ပုဒ်မ၄ ပုဒ်မခွဲ(၁)အရ ကော်လိတ္တော်အရာရှိက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ၎င်း၏ ခွင့်ပြုချက်မရှိဘဲ မြေတွင် အကျိုးခံစားခွင့်ရှိသူက သိမ်းဆည်းမြေကို တစ်စုံတစ်ရာ စီမံမှုပြုခြင်း (သို့မဟုတ်) အသုံးချခြင်း

၂၅။ (၁) ပုဒ်မ ၉ အရ နို့တစ်အကြောင်းကြားစာပေးပို့သဖြင့် လျှောက်ထားသူက လျော်ကြေးငွေ တောင်းခံသဖြင့် တရားရုံးက ၎င်းအား ပေးသည့် လျော်ကြေးငွေပမာဏသည် ၎င်းကတောင်းခံသည့် ငွေပမာဏထက်မပို စေရမည့်အပြင် ပုဒ်မ ၁၁ အရ ကော်လိတ္တော် အရာရှိက ပေးသည့်ငွေပမာဏထက်လည်း မနည်းစေရ။

(၂) လျှောက်ထားသူက ယင်းသို့ တောင်းခံရန် ငြင်းပယ်သည့်အခါ (သို့မဟုတ်) ယင်းသို့တောင်းခံမှုနှင့်စပ်လျဉ်း၍ တရားမ တရားသူကြီးက ခွင့်ပြုနိုင်သည့် အကြောင်းပြချက်ကိုမပေးနိုင်သည့် အခါ တရားရုံးက ပေးသည့်ငွေသည် ကော်လိတ္တော်အရာရှိက ပေးသည့်ငွေပမာဏထက်မပိုစေရ။

(၃) လျှောက်ထားသူသည် ယင်းသို့တောင်းခံမှုနှင့်စပ်လျဉ်း၍ တရားရုံးက ခွင့်ပြုနိုင်မည့် အကြောင်းပြချက်ကို ဖေလနိုင်သည့်အခါ တရားရုံးက ရင်းအားပေးသည့်ငွေ ပမာဏသည် ကော်လိတ္တော် အရာရှိက ပေးသည့်ငွေပမာဏထက် မနည်းစေရ။ ထို့အပြင် ကော်လိတ္တော်အရာရှိက ပေးသည့်ငွေ ပမာဏထက်ပိုနိုင်သည်။

၂၆။ (၁) ဤအပိုင်းအရ ဆုံးဖြတ်ချက်တိုင်းသည် စာဖြင့်ရေးသားရမည့်အပြင် တရားမ တရားသူကြီးက လက်မှတ်ရေးထိုးရမည်။ ထို့အပြင် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၁)၏ ပထမစာကြောင်းအရ ဆုံးဖြတ်သည့် ငွေပမာဏကိုလည်း တိကျစွာသတ်မှတ်ပေးရမည့်အပြင် ဤပုဒ်မခွဲ ၏ အခြားစာကြောင်းများ၏ တစ်ခုစီအတွက် အသီးသီးဆုံးဖြတ် သည့်ငွေပမာဏများကိုလည်း ဆိုခဲ့သည့်ငွေပမာဏတစ်ခုစီဆုံးဖြတ် ခဲ့ရမှုအတွက် အကြောင်းရင်းများနှင့်အတူဖော်ပြရမည်။

(၂)* ဆုံးဖြတ်ချက်တိုင်းသည် အမိန့်ဒီဂရီအဖြစ် မှတ်ယူရမည့်အပြင် ဆုံးဖြတ်ချက်တိုင်း၏ အကြောင်းပြချက်များ၊ ဖော်ပြချက်များကို ၁၉၀၈ ခုနှစ် တရားမ ကျင့်ထုံးဥပဒေ၏ ပုဒ်မ(၂)၊ အပိုဒ်(၂) နှင့် ပုဒ်မ(၂)၊ အပိုဒ်(၃)အသီးသီး၏အဓိပ္ပါယ်အတွင်းမှ စီရင်ချက် တစ်ခုပင်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ (၁) ဤအပိုင်းအရ အရေးယူဆောင်ရွက်ခဲ့ရသည့်အမှုတွဲများတွင် လျော်ကြေးငွေ တိုင်းအတွက် ကုန်ကျစရိတ်ငွေပမာဏကို ဖော်ပြရမည်ဖြစ်ပြီး ထိုလျော်ကြေး ငွေများကို မည်သူတို့က မည်သို့ အချိုးကျပေးဆောင်ရမည်ကို ဖော်ပြရမည်။

---

* ၁၉၂၁ ခုနှစ် ဥပဒေအမှတ် XIX အရ ဖြည့်စွက်သည်။

(၂) အကယ်၍ ကော်လိတ္တော်အရာရှိ၏ လျော်ကြေးငွေကို တရားရုံးက လက်မခံပါက အမှုအတွက် ကုန်ကျစရိတ်များကို သာမန်အားဖြင့် ကော်လိတ္တော်အရာရှိက ပေးရမည်။ အကယ်၍ လျှောက်ထားသူက တောင်းဆိုချက်ကို အဆမတန်ပြုသည်ဟု (သို့) ပေါ့ပေါ့တန်တန်ပြုလုပ်သည်ဟု တရားရုံးက ထင်မြင်လျှင် တောင်းဆိုသူသည် ကော်လိတ္တော်အရာရှိက ပေးရမည့်စရိတ်မှအချို့ကို ပေးဆောင်စေရမည်။

၂၀။ အကယ်၍ လျော်ကြေးအဖြစ် ပေးသင့်သည့် ငွေပမာဏသည်ကော်လိတ္တော်အရာရှိက လျော်ကြေးငွေအဖြစ် ပေးခဲ့သည့် ငွေပမာဏထက် ပိုသည်ဟု တရားရုံးက ထင်မြင်လျှင် ထိုပိုငွေအတွက် ၆ ရာခိုင်နှုန်းတိုးဖြင့် မြေကို သိမ်းဆည်းသည့်နေ့မှ ထိုသို့ငွေကို တရားရုံးသို့ ပေးသွင်းသည့်နေ့အထိကာလအတွက် ကော်လိတ္တော်အရာရှိကပေးရမည်။

## အခန်း(၄)

## လျော်ကြေးငွေ အချိုးသတ်မှတ်ခြင်း

၂၉။ အကျိုးခံစားခွင့်ရှိသူအများအပြားရှိလျှင် အကယ်၍ ၎င်းတို့က လျော်ကြေးငွေခွဲဝေမှုအချိုးကို သဘောတူလျှင် ထိုလျော်ကြေးငွေခွဲဝေမှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို လျော်ကြေးပေးရာတွင် သတ်မှတ်ဖော်ပြရမည်။ ထို အဖြင့် ထိုသူတို့အကြားတွင် လျော်ကြေးငွေ အချိုးသတ်မှတ်ချက် မှန်ကန်ကြောင်း ခိုင်မာသည့် သက်သေခံဖြစ်စေရမည်။

၃၀။[t] ပုဒ်မ ၁၁ အရ လျော်ကြေးငွေပမာဏနှင့်ပတ်သက်၍ ပြေလည်သွားသည့်အခါ အကယ်၍ လျော်ကြေးငွေ ပမာဏတစ်ရပ်လုံး (သို့မဟုတ်) အချို့အဝက် ခွဲဝေမှုနှင့်ပတ်သက်၍ ထိုလျော်ကြေးငွေကို (သို့မဟုတ်) အချို့ကိုမည်သူကို ပေးရမည်နှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတရာ ပေါ်ပေါက်သည့်အခါ ကော်လိတ္တော်အရာရှိက ထိုအငြင်းပွားမှုကို တရားရုံးသို့ လွှဲအပ်ရမည်။

---

t ညွှန်ကြားချက် ၆၄ ကိုကြည့်ပါ။

## အခန်း(၅)

## ငွေ ပေး ခြင်း

(၁) ပုဒ်မ ၁၁ အရ ဆုံးဖြတ်ရာတွင် ကော်လိတ္တော်အရာရှိ သည် ၎င်းဆုံးဖြတ်သည့် လျော်ကြေးကို လျော်ကြေးနှင့် ပတ်သက်၍ အကျိုးတူခံစားခွင့်ရှိသူများအား ပေးရမည်။ ထို့အပြင် လာမည့် ပုဒ်မခွဲတွင်ဖော်ပြထားသည့် တစ်ခု (သို့မဟုတ်) ထို့ထက်ပိုသော အဖြစ်အပျက်များက ဟန့်တားမှု မရှိပါက ထိုလျော်ကြေးကို ၎င်းတို့အားပေးရမည်။

(၂) အကယ်၍ ၎င်းတို့က လျော်ကြေးငွေကို လက်ခံရယူလိုခြင်းမရှိလျှင် (သို့မဟုတ်)မြေကိုလွှဲအပ်ပေးနိုင်သည့် အခွင့်အာဏာရှိသူ မရှိလျှင်(သို့မဟုတ်) လျော်ကြေးငွေကို လက်ခံခွင့် (သို့မဟုတ်) လျော်ကြေးငွေ ခွဲဝေမှုနှင့်ပတ်သက်၍တစ်စုံတစ်ရာ အငြင်းပွားမှု ရှိလျှင် ကော်လိတ္တော်အရာရှိသည် ပုဒ်မ ၁၈ အရ အမှုကို လွှဲအပ်ရမည့်တရားရုံးသို့ ထိုလျော်ကြေးငွေအား အပ်ငွေ အဖြစ် ပေးသွင်းရမည်။

ထို့အပြင် အကျိုးခံစားခွင့်ရှိသည်ဟု ဝန်ခံသူတစ်စုံတစ်ယောက်သည် လျော်ကြေးငွေမှာ လုံလောက်မှုမရှိခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ရှိသည့်တိုင်အောင် ထိုလျော်ကြေးငွေကို လက်ခံနိုင်သည်။

သို့ရာတွင် ကန့်ကွက်ခြင်းမပြုဘဲ လျော်ကြေးငွေကို လက်ခံသူသည် ပုဒ်မ ၁၈ အရ လျှောက်လွှာတင်သွင်းခွင့်မရှိ။ သို့ရာတွင် ဤအက်ဥပဒေအရ ပေးသည့် လျော်ကြေးငွေအားလုံးကို ဖြစ်စေ(သို့မဟုတ်) အချို့အဝက်ကိုဖြစ်စေ လက်ခံသူ၏အခွင့် အရေးကို မထိခိုက်စေရဘဲ ဥပဒေအရ တရားဝင်ခံစားခွင့်ရှိသော ထိုသူကို ထိုငွေပေးရမည်။

(၃) ဤပုဒ်မတွင် မည်သို့ထိုစေကာမူ ကော်လိတ္တော်အရာရှိသည် ထိုမြေနှင့်ပတ်သက်၍ လျော်ကြေးငွေပေးမည့်အစား ထိုမြေတွင် အကျိုးခံစားခွင့် ရှိသူတစ်ဦးနှင့် အလဲအလှယ်ပြုသောအားဖြင့် အခြားသောမြေကို ဂရန်ထုတ်ပေးခြင်း (သို့မဟုတ်) ထိုသူ၏

---

* ဖြန့်ကြားချက် ၅၃၊ ၅၅ ထိကို ကြည့်ပါ။

† ဖြန့်ကြားချက် [illegible] ကြည့်ပါ။

အခြားမြေအတွက် စည်းကြပ်ထားသည့် အခွန်တော်ကို လျော့ပေါ့ခြင်း (သို့မဟုတ်) သက်ဆိုင်သော အကျိုးခံစားခွင့်ရှိသူများအား ညီမျှသောအကျိုးဖြစ်စေမည့် အခြားသော နည်းဖြင့် နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်ဖြင့် သဘောတူညီချက် တစ်စုံတစ်ရာကို ပြုလုပ်ခြင်းပြုနိုင်သည်။

(၄) ပြီးခဲ့သော ပုဒ်မခွဲတွင် ၊မြေ၌ အကျိုးခံစားခွင့် ရှိသူတစ်စုံတစ်ယောက်နှင့် သဘောတူညီချက် တစ်စုံတရာပြုလုပ်နိုင်သော ထို့အပြင် ဤကိစ္စနှင့်စပ်လျဉ်း၍ စွမ်းဆောင်နိုင်သူ တစ်စုံတစ်ယောက်နှင့် ပဋိညာဉ်ပြုလုပ်နိုင်သော ကော်လိဂျ်၏ အရာရှိ၏ အခွင့်အာဏာကို ချုပ်ချယ်နိုင်သော (သို့မဟုတ်) တန့်သတ်နိုင်သောအရာမပါရှိစေ။

၃၂။ (၁) ပြီးခဲ့သော ပုဒ်မ၏ ပုဒ်မခွဲ(၂)အရ လျော်ကြေးငွေ တစ်စုံတရာကို တရားရုံးသို့ အပ်နှံထားလျှင် ထို့အပြင် ထိုလျော်ကြေးငွေသတ်မှတ်ထားသည့် မြေသည် ထိုငွေ လွှဲပြောင်းပေးအပ်ခွင့်မရှိသူ တစ်ဦးဦးနှင့် သက်ဆိုင်နေလျှင် တရားရုံးသည်-

(က) ထိုလျော်ကြေးငွေကို အလားတူပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့် စည်းကမ်းများအရ ထိန်းသိမ်း ထားသည့် အခြားသောမြေကို ဝယ်ယူရန်အတွက် ရင်းနှီးထားရန် အမိန့်ချမှတ်ရမည်။

(ခ) အကယ်၍ ယင်းဝယ်ယူမှုသည် ချက်ချင်း ဆောင်ရွက်နိုင်ခြင်း မရှိလျှင် အစိုးရ (သို့မဟုတ်) အတည်ပြု အာမခံစာအုပ်များ ဝယ်ယူရေးတွင် ရင်းနှီးမြှုပ်နှံထားရန် တရားရုံးက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်ရမည်။

ထို့အပြင်ယင်းသို့သော ရင်းနှီးမြှုပ်နှံမှုမှ ရရှိသော အတိုးရငွေများ (သို့မဟုတ်)အခြားရငွေများကို ဆိုခဲ့သည့်မြေ၏ ထိုအခိုက်၌ပိုင်ဆိုင်ခွင့်ရှိသူ (သို့) ရှိသူများသို့ထုတ်ပေးရန် ညွှန်ကြားနိုင်သည်။ ထို့အပြင် အောက်ပါကိစ္စများတွင် လျှောက်ထားလာသည့်တိုင်အောင် ယင်းသို့ အပ်နှံထားသည့် ယင်းသို့မြှုပ်နှံထားသည့် ထိုသို့သောငွေများကိုတရားရုံးတွင် ဆက်လက်အပ်နှံထားရန် ညွှန်ကြားနိုင်သည်။

(i) အထက်ကဆိုခဲ့သည့် ယင်းသို့သော အခြားမြေများကို ဝယ်ယူခြင်း မပြုမီ (သို့မဟုတ်)

(ii) ထိုပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ လုံးဝအခြေင်းပွားဘွယ် မရှိသော သူ (သို့မဟုတ်) သူများဟူ၍ မထင်ရှားသေးမီ

(၂) ဤပုဒ်မအရတရားရုံးသို့ အပ်နှံထားသည့် ငွေများနှင့်ပတ်သက်သည့် အမှုအားလုံးတွင် ဖြစ်ပေါ်ခဲ့သည့် (နည်းလမ်းကျသော) ကုန်ကျစရိတ်များအပါအဝင် အောက်ပါကုန်ကျစရိတ်များကို ကောက်လိင်တွော်အရာရှိက ပေးရမည်ဟု တရားရုံးက အမိန့်ချမှတ်ရမည်-

(က) အထက်က ဆိုခဲ့သည့်အတိုင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့်စရိတ်

(ခ) အတိုးရငွေများ (သို့မဟုတ်) အနိုက်အတန့်အားဖြင့် ရင်းနှီးမြှုပ်နှံထားသောအားဖြင့် ဝယ်ယူထားသည့်အာမခံထားသူများမှ အကျိုးအမြတ်များကို ထုတ်ပေးရန်ချမှတ်သည့် အမိန့်များအတွက် ကုန်ကျစရိတ်များ ထို့အပြင် အရင်းငွေများ ထို့အပြင် တောင်းဆိုသူ အချင်းချင်းအကြား တရားဘက်ပြိုင်မှုကြောင့် ကုန်ကျခဲ့သည့်စရိတ်များမှအပ အခြားသော အရေးယူဆောင်ရွက်ရမှုများအတွက် ကုန်ကျစရိတ်များ။

၄၄။ ပြီးခဲ့သော ပုဒ်မတွင်ဖော်ပြထားသည့် အကြောင်းအရာမှအပဖြစ်သော အခြားသော အကြောင်းတစ်ရပ်ရပ်အတွက် လျော်ကြေးငွေ တစ်စုံတစ်ရာကို တရားရုံးသို့ အပ်နှံထားပြီးသောအခါ ထိုအပ်ငွေမှရရှိသော အမြတ်ငွေကို အကျိုးခံစားခွင့်ရှိသူ တစ်ယောက်က လျှောက်ထားတောင်းခံလာခဲ့သော် တရားရုံးသည် ၎င်းက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း အစိုးရထံ သို့မဟုတ် အတည်ပြုအာမခံစာချုပ်များကိုဝယ်ယူရန် အမိန့်ချမှတ်နိုင်သည်။ ထို့အပြင် တရားရုံးသည် ရင်းနှီးမြှုပ်နှံငွေမှ ရရှိသောအမြတ် (သို့မဟုတ်) အခြားအတိုးအပွား စရိတ်ကို စုဆောင်းထား၍ အကျိုးခံစားခွင့်ရှိသူများကို ထုတ်ပေးရန် ညွှန်ကြားနိုင်သည်။

၃၄။ မြေကိုသိမ်းယူချိန်တွင်(သို့မဟုတ်)သိမ်းယူခြင်းမပြုမီထိုလျော်ကြေး ငွေကို မပေးရသေးပါက (သို့မဟုတ်) တရားရုံးသို့ အပ်နှံခြင်း မပြုရသေးပါက ကော်လိတ္တော်အရာရှိသည် သတ်မှတ်သည့် လျော်ကြေးငွေနှင့်တကွ မြေကိုသိမ်းယူသည့် အချိန်မှ လျော်ကြေးငွေကိုပေးသည့်နေ့ (သို့မဟုတ်) တရားရုံးသို့ အပ်နှံသည့် နေ့အထိ ထိုကာလအတွက် (၆)% အတိုးကိုပါ ပေးရမည်။

## အခန်း (၆)
## မြေထိုယာယီသိမ်းယူခြင်း

၃၅။ (၁) ဤဥပဒေ၏ အပိုင်း(၇)ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော် အစိုးရကမြေလွတ်မြေလပ် (သို့မဟုတ်) စိုက်ပျိုးနိုင်သော မြေတစ်စုံတစ်ရာကို အများပြည်သူ အကျိုးစီးပွားကြံရွယ် ချက်အတွက် (သို့မဟုတ်) ကုမ္ပဏီတစ်ခုအတွက် ယာယီအားဖြင့် လက်ရောက်ရယူရန် (သို့မဟုတ်) အသုံးပြုရန် လိုအပ်သည်ဟု ထင်မြင်လျှင်နိုင်ငံတော်အစိုးရသည် ကော်လိတ္တော်အရာရှိအား အစိုးရကသင့်လျော်သည်ဟုထင်မြင်သည့် စည်းကမ်းများဖြင့် ထိုလက်ရောက်ရယူမှု စတင်သည့်နေ့မှ သုံးနှစ်ထက် မပိုသော ကာလအတွက် ထိုမြေကို ယာယီသိမ်းယူရန် (သို့မဟုတ်) အသုံးပြုရန် ညွှန်ကြားနိုင်သည်။

(၂) ကော်လိတ္တော်အရာရှိသည် ထိုမြေတွင် အကျိုးခံစား ခွင့်ရှိသူများထံသို့ ထိုမြေကိုမည်သည့်အတွက်အလိုရှိကြောင်းနှင့် ထိုခဲ့သည့်စည်းကမ်းချက်များအရ ထိုမြေကို လက်ရောက်ရယူ၍ အသုံးပြုမည်အကြောင်း။ ထို့အပြင် ထိုမြေပေါ်ရှိပစ္စည်းများကို (အကယ်၍ရှိလျှင်) သယ်ယူရန်နှင့် လျော်ကြေးငွေကိုငွေနှင့်ထိုသူတို့ အကြားထားရှိမည်သဘောတူညီချက်အရတစ်လုံးတစ်ခဲတည်း ဖြစ်စေ၊ လအလိုက်ဖြစ်စေ ကာလအပိုင်းအခြားအလိုက်ဖြစ်စေ ပေးမည်အကြောင်းကို စာဖြင့် နို့တစ်စာပေးပို့ အကြောင်းကြား ရမည်။

(၃) ကော်လိတ္တော်အရာရှိနှင့် အကျိုးခံစားခွင့်ရှိသူများသည် လျော်ကြေးငွေ လုံလောက်မှု ရှိ၊ မရှိ သဘောထားကွဲခဲ့သော် ကော်လိတ္တော်အရာရှိသည် ယင်းသဘော ကွဲပြားမှုနှင့် ပတ်သက်၍ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရန် လွှဲအပ်ရမည်။

၃၆။ (၁) ယင်းလျော်ကြေးငွေကို ပေးပြီးသည့်အခါ (သို့မဟုတ်) ယင်းသဘောတူညီချက်ကို အကောင်အထည်ဖော်သည့်အခါ (သို့မဟုတ်) ပုဒ်မ ၃၅ အရ တရားရုံးသို့ လွှဲအပ်ပြီး သည့်အခါ ကော်လိတ္တော်အရာရှိသည် မြေပေါ်သို့ ဝင်ရောက်နိုင်သည်။ ထိုအပြင်မြေကို လက်ရောက် ရယူနိုင်သည်၊ ထိုအပြင် မြေကို အသုံးပြုနိုင်သည် (သို့မဟုတ်) ဆိုခဲ့သည့် နို့တစ် အကြောင်းကြားစာတွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ မြေကို အသုံးပြုခွင့်ပေးနိုင်သည်။

(၂) သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ ကော်လိတ္တော် အရာရှိသည် မြေတွင် ပျက်စီးမှုတစ်စုံတစ်ရာအတွက် (အကယ်၍ရှိလျှင်) အကျိုးခံစားခွင့် ရှိသူများအား လျော်ကြေးပေးရမည်။ အကယ်၍ သဘောတူညီချက်တွင် မပါရှိခဲ့သော် မြေကို အကျိုးခံစားခွင့်ရှိသူများသို့ မူလအခြေအနေအတိုင်း ပြန်လည်ပေးအပ်ရမည်။

သို့ရာတွင် အကယ်၍ မြေကွက်သည် သဘောတူညီချက်မစပီ ယခင်အသုံးပြုခဲ့သော ရည်ရွယ်ချက်အတွက် အသုံးပြုရန် အမြဲတမ်းမသင့်လျော်အောင် ဖြစ်သွားခဲ့သော် ထို့အပြင် အကယ်၍ မြေတွင် အကျိုးခံစားခွင့်ရှိသူတို့က ထိုသို့လိုအပ်ခဲ့သော် နိုင်ငံတော်အစိုးရက ဤအက်ဥပဒေအရ အများပြည်သူ အကျိုးစီးပွားအတွက် (သို့မဟုတ်) ကုမ္ပဏီတစ်ခုအတွက် အမြဲတမ်း အလိုရှိသကဲ့သို့ ထိုမြေကို ရယူထားရမည်။

၃၇။ ကော်လိတ္တော်အရာရှိနှင့် အကျိုးခံစားခွင့်ရှိသူတို့သည် သတ်မှတ်ကာလ ကုန်ဆုံးချိန်တွင်မြေ၏အခြေအနေ (သို့မဟုတ်) ဆိုခဲ့သည့်သဘောတူညီချက်နှင့်စပ်ဆိုင်သည့် အငြင်းပွားဖွယ်ရာတစ်ခုခုနှင့် ပတ်သက်ပြီး သဘောထားကွဲလွဲနေသည့်ကိစ္စတွင်ကော်လိတ္တော်အရာရှိသည် ယင်းသဘောထားကွဲလွဲမှုအတွက် တရားရုံး၏ အဆုံးအဖြတ်ခံယူရန် တရားရုံးသို့ လွှဲအပ်ရမည်။

## အခန်း (၇)

## ကုမ္ပဏီများအတွက် မြေသိမ်းဆည်းခြင်း

၃၈။ (၁)[a]ငင်း၏လုပ်ငန်းများအတွက် မြေကိုအလိုရှိသော ကုမ္ပဏီတစ်ခု၏ အရာရှိတစ်ဦးအား ပုဒ်မ ၄ က အပ်နှင်းထားသည့်အာဏာများကို ကျင့်သုံးရန်နိုင်ငံတော်အစိုးရက အာဏာ အပ်နှင်းနိုင်သည်။

(၂) အမှုတိုင်းတွင် "ယင်းသို့သော ကြံရွယ်ချက်များအတွက်" ဟူသော စကားရပ်များကို "ကုမ္ပဏီများ၏ကြံရွယ်ချက်များအတွက်" ဟူသော စကားရပ်များဖြင့် ပုဒ်မ ၄ က အစားထိုးသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်၊ ထို့အပြင်ပုဒ်မ ၅ သည် "အရာရှိ" ဟူသောစကားရပ်၏နောက်တွင် "ကုမ္ပဏီ"ဟူသော စကားရပ်ကို ပုဒ်မ ၅ က အစားထိုးသည်ဟု အဓိပ္ပါယ် ကောက်ယူရမည်။

၃၉။ နိုင်ငံတော်အစိုးရ၏ကြိုတင်သဘောတူညီချက်မရှိဘဲ(သို့မဟုတ်)ရှေ့အပိုဒ်၌ ဖော်ပြထားသော သဘောတူညီချက်ကို ကုမ္ပဏီက မချုပ်ဆိုသေးဘဲ ပုဒ်မ၆မှ၃၇ ထိ(ပုဒ်မနှစ်ခုစလုံးအပါအဝင်)ပါ ပြဋ္ဌာန်းချက်များကို ကုမ္ပဏီတစ်ခုအတွက် မြေသိမ်းရန် မကျင့်သုံးရ။

၄၀။ (၁)[a] ပုဒ်မ ၅(က)၊ ပုဒ်မခွဲ (၂)အရ ကော်လိတ်တွာ့အရာရှိ၏ အစီရင်ခံစာ အရဖြစ်စေ (သို့မဟုတ်) [a]ရှေ့အပိုဒ်တွင် ဖော်ပြ ထားသည့် စုံစမ်းမှုပြုလုပ်ရာမှ အောက်ပါတို့နှင့် ပတ်သက်၍ ဖြစ်စေ၊ ကျေနပ်မှုမရှိလျှင် နိုင်ငံတော်အစိုးရသည် ယင်း သဘောတူညီချက်ကို မပေးရ–

(က) လုပ်ငန်းများ ဆောင်ရွက်ရန် ယင်းမြေသိမ်းမှုများ လိုအပ်ကြောင်း၊

(ခ) ယင်းလုပ်ငန်းသည် အများပြည်သူအတွက် အကျိုး ဖြစ်ဖွယ်ရှိကြောင်း၊

---

[a] ယခင်နည်းဥပဒေများအရ နိုင်ငံတော် အစိုးရက ညွှန်ကြားလို့မှာ အခါအားလျော်စွာ ပြဋ္ဌာန်းနိုင်သည်ဟူသောစကားရပ်ကို ၁၉၂၀ ပြည့်နှစ် အက်ဥပဒေအမှတ် XXXVIII အရ ပယ်ဖျက်ထားသည်။

[a]-[a] ၁၉၃၃ ခုနှစ် အက်ဥပဒေအမှတ် XXXVIII အရ အစားထိုးသည်

(၂) နိုင်ငံတော်အစိုးရသည် ယင်းစုံစမ်းစစ်မှုကို မည်သည့်အရာရှိက မည်သည့် နေရာ မည်သည့်အချိန်တို့တွင် ပြုလုပ်ရမည်ဟု သတ်မှတ်ပေး ရမည်။

(၃) ထိုအရာရှိသည် တရားရုံးတို့၏ အမှုတစ်ခုတွင် တရားမ ကျင့်ထုံး ကိုဥပဒေအရ သတ်မှတ်ထားသည့် နည်းလမ်းကို တတ်နိုင်သမျှ လိုက်နာ ကျင့်သုံးလျက် သက်သေများထံ သမ္မာန်စာထုတ်ဆင့်နိုင် သည်။ ရုံးရှေ့သို့လာရောက်ရန်နှင့် သက်သေခံပစ္စည်းများကို တင်ပြစေရန် တရားမကျင့်ထုံး ကိုဥပဒေ ၆ က ပြဋ္ဌာန်းထား သည့်အတိုင်း၊ ဆင့်ဆိုနိုင်သည်။ XIV of 188:

၄၁။ ပုဒ်မ ၅(က)[a] ပုဒ်မခွဲ(၂)အရ တင်ပြလာသည့် ကော်လိတ်တော်အရာရှိ၏ အစီရင်ခံစာ (သို့မဟုတ်) ပုဒ်မ ၄၀ အရ စုံစမ်းမှုပြုလုပ်သည့်အရာရှိ၏ အစီရင်ခံစာ[a] တို့ကို လက်ခံရရှိပြီးနောက် အကယ်၍ နိုင်ငံတော်အစိုးရက * အဆိုပြုသည့် မြေသိမ်းမှုသည် ကုမ္ပဏီအားဆောက်လုပ်ရန်လိုအပ်ကြောင်းနှင့် ထိုအလုပ်သည် အများပြည်သူ အကျိုးဖြစ် ထွန်းကြောင်း၊ ကျေနပ်လျှင် အောက်ပါကိစ္စများအတွက် အစိုးရအား ကြေနပ်မှုပေးနိုင်လျှင် အစိုးရသည် ကုမ္ပဏီအား သဘောတူညီချက် ပြုလုပ်စေရမည်–

(က) မြေသိမ်းမှုအတွက်ကုန်ကျစရိတ်ကို နိုင်ငံတော်အစိုးရသို့ ပေးသွင်းရန်။

(ခ) ယင်းငွေကို ပေးသွင်းပြီးနောက် ထိုမြေကို ကုမ္ပဏီသို့ လွှဲပြောင်းပေးရန်။

(ဂ) ကုမ္ပဏီက ထိုမြေကို ထိန်းသိမ်းထားခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ

(ဃ) အလုပ်ကိုအကောင်အထည်ဖော်၍ ထိန်းသိမ်းစောင့်ရှောက်ရမည့် အချိန်သတ်မှတ်ချက်နှင့် စည်းကမ်းချက်များတို့အပြင်

(င) ထိုလုပ်ငန်းကို အများပြည်သူ အသုံးပြုနိုင်ခွင့်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ

၄၂။ ယင်းသို့သော သဘောတူညီချက်များကို ပြုလုပ်ပြီးသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံ၏ ရာဇပတ်တွင် ထည့်သွင်းကြေညာရမည်၊ ထိုအကြောင်းကြောင့် (အများပြည်သူ

---

[a]-[a] ၁၉၂၃ ခုနှစ် အက်ဥပဒေအမှတ်၊ XXXVIII ဖြင့် အစားထိုးသည်၊

[b] ယင်းအရာရှိသည့် စုံစမ်းမှုနှင့်စပ်လျဉ်းသည့် ရလဒ်ကို အစိုးရသို့ အစီရင်ခံရမည် ဟူသော စကားရပ်ကို ၁၉၂၃ ခုနှစ် ဥပဒေအမှတ်၊ XXXVIII ဖြင့် အစားထိုးသည်၊

[*] ဤကိစ္စအလို့ငှာ နိုင်ငံတော်အစိုးရက အခါအားလျော်စွာ ပြဋ္ဌာန်းသည့်ယင်းနည်းဥပဒေ များ အရဟူသော စကားရပ်ကို ၁၉၂၃ ခုနှစ်၊ အက်ဥပဒေအမှတ်၊ XXXVIII ဖြင့် ပယ်ဖျက်ထားသည်၊

တို့သည် ထိုလုပ်ငန်းကို အသုံးပြုခွင့်နှင့်စပ်ဆိုင်သော စည်းကမ်းချက်များ)ယင်းသဘောတူညီချက်သည် ဤအက်ဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ကဲ့သို့ အကျိုးသက်ရောက်စေရမည်။

၄၃။ သဘောတူညီချက်တစ်ခုံတစ်ခုအရ နိုင်ငံတော်အစိုးရကမြေကိုပေးရန် တာဝန်ရှိလျှင် (သို့မဟုတ်) တာဝန်ရှိခဲ့လျှင် ပုဒ်မ ၃၉ မှ ၄၂ ထိ (ပုဒ်မ နှစ်ခုစလုံး အပါအဝင်)ပါပြဋ္ဌာန်းချက်များကို မီးရထားလုပ်ငန်းကုမ္ပဏီ တစ်ခုခု (သို့မဟုတ်) အခြားကုမ္ပဏီအတွက် မြေသိမ်းရန်အတွက် မကျင့်သုံးရ။

၄၄။ ကုမ္ပဏီတစ်ခု၏ ရည်ရွယ်ချက်အတွက်မြေသိမ်းသည့်ကိစ္စတွင်ပုဒ်မ(၄၃)တွင်ဖော်ပြထားသည်။ ထိုသို့သော သဘောတူညီချက် တစ်ခုရှိကြောင်းကို နိုင်ငံတော်အစိုးရ၏ အမိန့်အရ ပုံနှိပ်ရန် ကြံရွယ်ထားသော တစ်စောင်ကို တင်ပြခြင်းဖြင့် အထင်အရှား သက်သေပြနိုင်သည်။

## အခန်း(၀)

## အ ထွေ ထွေ

၄၅။ (၁) ပုဒ်မ ၄ အရ ဖြစ်လျှင် ယင်းတွင်ဖော်ပြထားသည့် အရာရှိက အခြားကိစ္စများတွင် ကော်လိတ္တာ်အရာရှိ (သို့မဟုတ်) တရားသူကြီးက (သို့မဟုတ်) ၎င်းတို့၏ အမိန့်အရ လက်မှတ်ရေးထိုးထားသည့် နို့တစ်အကြောင်းကြားစာကို ပေးအပ်ခြင်းဖြင့် ဤအက်ဥပဒေအရ ထုတ်ဆင့်သည့် နို့တစ်အကြောင်းကြားစာကို အတည်ပြုရမည်။

(၂) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခါတိုင်း နို့တစ်အကြောင်းကြားစာကို ၎င်းတွင်ဖော်ပြထားသည့်သူအား အတည်ပြုချအပ်ရမည်။

(၃) အကယ်၍ ထိုသူကို မတွေ့ရှိလျှင် နို့တစ်အကြောင်းကြားစာကို ၎င်းနှင့်အတူနေထိုင်သော ၎င်း၏ မိသားစုဝင်ထဲမှ ယောကျ်ားကြီးတစ်ယောက်သို့ ချအပ်နိုင်သည်။ အကယ်၍ ယင်းသို့သော အတူနေမိသားစုဝင် ယောကျ်ားကြီးကို မတွေ့နိုင်လျှင် ၎င်းတို့နေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းလုပ်ကိုင်ရာ အိမ်၏တံခါးတွင် (သို့မဟုတ်) ဆိုခဲ့သည့်အရာရှိ၏ရုံး၌ ထင်ရှားသည့်နေရာတွင် ကပ်ထားခြင်းဖြင့် နို့တစ်အကြောင်းကြားစာကို အတည်ပြု ချက်ပိုနိုင်သည်။

သို့ရာတွင်အကယ်၍ ကော်လိတ္တာ်အရာရှိ(သို့မဟုတ်)

တစ်ဝေခင်ကို ထိုသူနောက်ဆုံးနေထိုင်ခဲ့သည်ဟု (သို့မဟုတ်) လုပ်ငန်းလုပ်ကိုင်ခဲ့သည်ဟု သိရသော နေရပ် လိပ်စာအတိုင်း လိပ်မူ၍ ၁၈၆၆ ခုနှစ် စာပို့တိုက်အက်ဥပဒေအရ ရေးစွဲလှိ မှတ်ပုံတင်ပြီး စာတိုက်မှပေးပို့နိုင်သည်။

၅၆။ မည်သူမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၈ ကချမှတ်ပြုထားသည့်လုပ်ဆောင်မှု တစ်ခုခုကို ပြုလုပ်သူ တစ်ဦးတစ်ယောက်အား တမင်တကာဆီးလျှင် (သို့မဟုတ်) အမှတ်အသား တစ်ခုခုကို မပြုလုပ်လျှင်၊ ဖျက်ဆီးလျှင်၊ ထိခိုက်စေလျှင် (သို့မဟုတ်) အခြေအနေ ဖျက်ပြားစေလျှင် ယင်းမှုကို တရားသူကြီးရှေ့၌ ပြစ်မှုထင်ရှားစီရင်ခံရပါက အလုပ်နှင့်ထောင်ဒဏ် တစ်လထက် မပိုစေသော (သို့မဟုတ်)ဒဏ်ငွေ ငါးဆယ်ထက် မပိုစေဘဲ (သို့မဟုတ်) ဖြစ်ဒဏ် နှစ်ရပ်စလုံး ကျခံစေရမည်။

၅၇။ အကယ်၍ ကော်လိတ်တော်အရာရှိသည် ဤအက်ဥပဒေအ အရမြေကို ဝင်ရောက်ရယူရာတွင် ဆန့်ကျင်မှု (သို့မဟုတ်)ကန့်ကွက်ဟန့်တားမှုခံရလျှင် အကယ်၍ ရာဇဝတ်တရားသူကြီးဖြစ်ပါက ထိုမြေကို ၎င်းသို့အပ်နှံရန် အတင်းအကြပ်ပြုနိုင်သည်၊ အကယ်၍ ရာဇဝတ်တရားသူကြီးတစ်ယောက်မဟုတ်ပါက ရာဇဝတ်တရားသူကြီးထံ တရားသူကြီးထံ လျှောက်ထား၍ ထိုရာဇဝတ်တရားသူကြီးက မြေကို ကော်လိတ်တော်အရာရှိသို့ အပ်နှံစေရန် အတင်းအကြပ်ပြုနိုင်သည်။

၅၈။ (၁) ပုဒ်မ ၃၆ တွင် ပြဋ္ဌာန်းထားသည့်အမှုကိစ္စမှတပါး မြေကို မသိမ်းယူရသေးပါက နိုင်ငံတော်အစိုးရသည် ထိုမြေကို သိမ်းယူခြင်း ကိုပြန်လည်ရုပ်သိမ်းနိုင်သည်။

(၂) နိုင်ငံတော်အစိုးရက ယင်းသို့မြေသိမ်းခြင်းကို ရုပ်သိမ်း လိုက်သည့်အခါ ကော်လိတ်တော်အရာရှိသည် နို့တစ် အကြောင်းကြားစာ ထုတ်ပြန်ခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ်ပိုင်ရှင်အား ဖြစ်စေ ခံစားခဲ့ရသော ထိခိုက်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေပမာဏ သတ်မှတ်ပြီး ထိုငွေသတ်မှတ်ပြီး ထိုငွေကိုဆိုခဲ့သည့် မြေနှင့် စပ်လျဉ်း၍ဤအက်ဥပဒေအရ အရေးယူဆောင်ရွက်မှုများအတွက် ထိုသူကုန်ကျခဲ့ရသည့် ကုန်ကျစရိတ်များနှင့်အတူ အကျိုးခံစားခွင့်ရှိသူသို့ပေးရမည်။

(၃) ဤပုဒ်မအရ လျော်ကြေးငွေသတ်မှတ်ရာတွင် ဤအက်ဥပဒေ၏ အပိုင်း(၃)ပါ ပြဋ္ဌာန်းချက်များကို ဖြစ်နိုင်သမျှ ကျင့်သုံးရမည်။

၄၉။ (၁) အိမ်အဆောက်အဦ၊ စက်ရုံ(သို့မဟုတ်) အခြား အဆောက်အဦ တစ်ခုခု၏ အစိတ်အပိုင်းတစ်ခုကို သိမ်းရန်ကြံရွယ်ချက်အတွက် အကယ်၍ ပိုင်ရှင်က ယင်းအိမ်အဆောက်အဦ စက်ရုံ (သို့မဟုတ်) အဆောက်အဦတစ်ခုလုံးကိုသိမ်းယူစေလိုသည် ဆန္ဒရှိခဲ့သော် ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို မကျင့်သုံးရ ။

သို့ရာတွင် ပိုင်ရှင်သည် ပုဒ်မ ၁၁ အရ ကော်လိတ္တာ အရာရှိက လျော်ကြေးမပေးမီ မည်သည့်အချိန်တွင်မဆို ထိုအိမ်၊ စက်ရုံ (သို့မဟုတ်)အဆောက်အဦတစ်ခုလုံးကိုသိမ်းယူစေလိုသော ၎င်း၏ဖော်ပြထားပြီးသော ဆန္ဒကို တပြင်ရေးသားပြီး ရုပ်သိမ်းနိုင်သည် (သို့မဟုတ်) ပြင်ဆင်နိုင်သည်။ သို့ရာတွင် ဤအက်ဥပဒေအရ သိမ်းယူရန်ရည်ရွယ်သည့်မြေသည် ဤပုဒ်မ၏အလိုကာ အိမ်၊ စက်ရုံ (သို့မဟုတ်)အဆောက်အဦ တစ်ခု၏အစိတ်အပိုင်း ဖြစ်သည်၊ မဖြစ်သည်နှင့်စပ်လျဉ်း၍အငြင်းပွားဘွယ်ဖြစ်ခဲ့သော် ကော်လိတ္တာအရာရှိသည် တရားရုံး၏ အဆုံးအဖြတ်ရယူရန် တရားရုံးသို့ လွှဲအပ်ရန်နှင့် ထိုပြဿနာကို ဆုံးဖြတ်ပြီးသည် တိုင်အောင်မြေကို သိမ်းယူခြင်းမပြုရ။

ယင်းသို့သော လွှဲအပ်ချက် တစ်ခုကို ဆုံးဖြတ်ရာတွင် တရားရုံးသည် သိမ်းယူရန်ရည်ရွယ်သည့် မြေသည်အိမ်၊ စက်ရုံ (သို့မဟုတ်) အဆောက်အဦတစ်ခုလုံး (သို့မဟုတ်)အစိတ်အပိုင်းကို လိုအပ်ခြင်းရှိ၊ မရှိဟူသော ပြဿနာကို ရှုးစိုက်ရမည်။

(၂) ပုဒ်မ ၂၃ ပုဒ်မခွဲ(၁)အရ အကျိုးခံစားခွင့်ရှိသူ တစ်ယောက်က သူ၏အခြားသော မြေမှ ရယူထားသည့် မြေ၏အသုံးဝင်မှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၃ ပုဒ်မခွဲ(၁)အရ ပြုလုပ်သည့်တောင်းဆိုမှု တစ်ခုခုနှင့် စပ်လျဉ်းသည့် ကိစ္စတွင် အကယ်၍ နိုင်ငံတော် အစိုးရက တောင်းဆိုမှုသည် ဆီလျော်ခြင်းမရှိကြောင်း၊ (သို့မဟုတ်) လွန်ကဲကြောင်းထင်မြင်လျှင် ကော်လိတ္တာ အရာရှိက ၎င်း၏ လျော်ကြေးကို မပေးမီ မည်သည့်အချိန် တွင် မဆိုမြေတစ်ခုလုံးကို သိမ်းရန်အမိန့် ချနိုင်သည်။

(၃) ယခင်ဖော်ပြခဲ့သည့်အမှုတွင် အမိန့်ကြော်ငြာစာအသစ် ထပ်မံ ထုတ်ပြန်ရန် (သို့မဟုတ်) ပုဒ်မ ၆ မှ ၁၀ အထိ (နှစ်ခုစလုံး အပါအဝင်) --- အရ အခြားအရေးယူဆောင်ရွက်သော

သို့ရာတွင် ကော်လိဇ္ဇော်အရာရှိသည် ကြန့်ကြာမှု မရှိစေဘဲ နိုင်ငံတော်အစိုးရ၏ အမိန့်တစ်စောင်ကို ဆုံးဖြတ်ခံစားခွင့်ရှိသူသို့ ပေးပို့ရမည့်အပြင် ပုဒ်မ ၁၁ အရ ၎င်း၏ လျော်ကြေးဆုံးဖြတ်ချက်အတွက် ဆက်လက် ဆောင်ရွက်ရမည်။

၅၀။ (၁) ဒေသအာဏာပိုင်ကဖြစ်စေ၊ ကုမ္ပဏီတစ်ခုခုကဖြစ်စေ ကြီးကြပ်သောငွေဖြင့် ကုန်ကျခံ၍ မြေသိမ်းရန်အတွက် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် ယင်းမြေသိမ်းမှုအတွက် ကုန်ကျစရိတ်များကို ဒေသန္တရ ရန်ပုံငွေ (သို့မဟုတ်) ကုမ္ပဏီက ကျခံရမည်။

(၂) ကော်လိဇ္ဇော်အရာရှိတစ်ဦး (သို့မဟုတ်) တရားရုံး၏ရှေ့တွင် အရေးယူ ဆောင်ရွက်သော ဤသို့သောအမှုများတွင် ဒေသန္တရ အာဏာပိုင် (သို့မဟုတ်) သက်ဆိုင်ရာကုမ္ပဏီသည် တရားရုံးရှေ့သို့လာရောက်၍ လျော်ကြေးငွေပမာဏ သတ်မှတ်ရန်အတွက် တရားရုံးရှေ့သို့လာရောက်၍ သက်သေခံများ တင်ပြနိုင်သည်။

သို့ရာတွင် ယင်းဒေသန္တရ အာဏာပိုင် (သို့မဟုတ်) ကုမ္ပဏီသည် ပုဒ်မ ၁၈ အရ တရားရုံးသို့ လွှဲအပ်ရန် တောင်းဆိုနိုင်ခွင့် မရှိချေ။

၅၁။ ဤအက်ဥပဒေအရ ပြုလုပ်သော ပေးအပ်သည့်အရာ (သို့မဟုတ်) သဘောတူညီချက်အတွက် တံဆိပ်ခေါင်းခွန် ထုတ်ဆောင်ရန်မလိုချေ၊ ထို့အပြင် ယင်းတို့၏ မိတ္တူအတွက် ရွေကြေး တစ်စုံတစ်ရာပေးရန်မလိုဘဲ ငွေယူခွင့်ရှိသည်။

၅၂။ ဤအက်ဥပဒေအရ တစ်စုံတစ်ခုဆောင်ရွက်သည့်သူကို ၎င်းအား တရားစွဲရန် ရည်ရွယ်သည့်အကြောင်းကို စာဖြင့် တစ်လကြိုတင်၍ အသိပေးခြင်းမရှိဘဲ၊ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းကို မဖော်ပြဘဲ၊ နစ်နာဆုံးရှုံးမှုအတွက် လုံလောက်သော ပြုပြင်မှုများလုပ်ပြီးနောက်တွင် ၎င်းအား တရားမမှု (သို့မဟုတ်) တရားရေးဆိုင်ရာ အရေးယူမှုစတင်ခြင်း (သို့မဟုတ်) စွဲဆိုခြင်းမပြုရ။

၅၃။ ဤအက်ဥပဒေတွင်ပါရှိသော တစ်စုံတစ်ရာသော အချက်နှင့်မညီညွတ်သည့်ကိစ္စမှတပါး၊ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ဤအက်ဥပဒေအရ တရားရုံးရှေ့သို့ ရောက်ရှိနေသော အမှုများတွင် ကျင့်သုံးရမည်။

၃၄။* ၁၉၀၀ ခုနှစ်၊ တရားမကျင့်ထုံးကိုဥပဒေ၏ပါပြဋ္ဌာန်းချက်များအရ ဆုံးရှုံးမှုအတွက် ပေးငွေ(သို့မဟုတ်) ပေးငွေတစ်စိတ်တစ်ပိုင်းနှင့်စပ်လျဉ်းသော မူလရုံး ဆုံးဖြတ်ချက်များကို ထို့အပြင် လက်ရှိတည်ဆဲဖြစ်သော ဥပဒေတစ်ရပ်ရပ်နှင့်ကန့်ကွက်သည့် လုပ်ဆောင်မှုဖြစ်သော်လည်း၊ ဤအက်ဥပဒေအရ ဆောင်ရွက်သည့် တရားရေးဆိုင်ရာကိစ္စများကို တရားရုံးချုပ်သို့ အယူခံဝင်ရောက်နိုင်သည်။ တဖန် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ဒီကရီတစ်ခုတစ်ရာကို ၁၉၀၀ ခုနှစ် တရားမကျင့်ထုံး ကိုဥပဒေ၏ ပုဒ်မ ၁၁၀ နှင့် အမိန့် XLV ပါ ပြဋ္ဌာန်းချက်များအရ His Magesty in Council သို့ အယူခံဝင်ရောက်နိုင်သည်။ V of 1882

၃၅။ (၁) ဤဥပဒေနှင့်သက်ဆိုင်သည့်ကိစ္စအားလုံးကို ဆောင်ရွက်ကြရသည့် အရာရှိများအတွက် လမ်းညွှန်အဖြစ် ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများကို ပြုလုပ်ရန် နိုင်ငံတော်အစိုးရတွင် အခွင့်အာဏာ[a]ရှိသည်။

* မြေသိမ်းရန်နှင့်စပ်လျဉ်း၍ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ အာဏာသက်ရောက်သောနေရာများတွင် –

(က) မီးရထားနှင့်ဆိုင်သည့် ကြံရွယ်ချက် တစ်ခုခုအတွက်

(ခ) ဤကိစ္စအလို့ငှာ မြန်မာနိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ ဂေဇက်တွင် နို့တစ်အကြောင်းကြားစာ ထုတ်ပြန်နိုင်သကဲ့သို့ မြန်မာနိုင်ငံတော်အစိုးရအက်ဥပဒေပုဒ်မ ၄၅(က) တွင် ဖွင့်ဆိုထားသည့် အစိုးအကြောင်းအရာ စီမံအုပ်ချုပ်မှုနှင့်စပ်ဆိုင်သော ယင်းသို့သောအခြားကြံရွယ်ချက်များအတွက်

ဤပုဒ်မခွဲက ဒေသန္တရအစိုးရအား နည်းဥဒေများကို ပြုလုပ်ရန်၊ ပြင်ဆင်ရန်နှင့် ပြည့်စွက်ရန် အပ်နှင်းထားသည့်အာဏာကို နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့်သာ ကျင့်သုံးရမည်။

(၂) ပုဒ်မခွဲ(၁)၏အောက်ရှိ နည်းဥပဒေများကို ပြုလုပ်ရန် အာဏာသည် ယခင်ထုတ်ပြန်ထားပြီးဖြစ်သော တည်ဆဲနည်းဥပဒေများ၏အခြေ အနေနှင့် ညီညွတ်ရမည်။

(၃) အားလုံးသော နည်းဥပဒေများကို မြန်မာနိုင်ငံ၏ ဂေဇက်တွင် ထည့်သွင်း ကြေညာရမည်၊ ယင်းနောက်တွင် ၎င်းတို့သည်ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

---

* ၁၉၂၀ ခုနှစ် အက်ဥပဒေအမှတ် *XIX* ဖြင့် အစားထိုးသည်။

[a] "ဘုရင်ခံချုပ်၏ အာဏာကို ကန့်သတ်သည်"ဟူသော စကားကို ၁၉၂၀ ပြည့်နှစ် အက်ဥပဒေအမှတ် XXXVIII ဖြင့် ပယ်ဖျက်သည်။